# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၁၀၆)


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယ ကျောက်စာရုံစေတီတော်များကို အင်ဂျင်နီယာပညာရပ်၊ ဗိသုကာပညာရပ်များဖြင့် စနစ်တကျတည်ဆောက်ထားသဖြင့် ကြည်ညိုဖွယ်လေ့လာနိုင်



နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို ဖတ်ရှုလေ့လာနိုင်ရန်အတွက် ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာစာတွင် ကျောက်စာရုံစေတီ အဆူ ၇၂၀ ကို စနစ်တကျ တည်ဆောက်ထားရှိသည်။ ကျောက်စာရုံစေတီ တစ်ဆူချင်း၏အတွင်းတွင် ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးထားသော ကျောက်စာနှစ်ချပ်စီအား လေ့လာဖတ်ရှုနိုင်စေရေး ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ရေးထိုးပူဇော်ထားရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## မြန်မာ့အုန်းခွံလက်မှုထုတ်ကုန်များ အာရှ ဥရောပနှင့် ဒူဘိုင်းတွင် ဈေးကွက်များရရှိနေ



နိုင်ငံခြားတင်ပို့မည့် မြန်မာ့အုန်းခွံလက်မှုထုတ်ကုန်အနုပညာပစ္စည်းများကို ခင်းကျင်းပြသထားစဉ်။

ရန်ကုန် ဩဂုတ် ၅

မြန်မာ့အုန်းခွံ လက်မှုထုတ်ကုန် အနုပညာပစ္စည်းများကို အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် ဒူဘိုင်းနိုင်ငံမှ စိတ်ဝင်စားနေပြီး ဈေးကွက်ရရှိနေကြောင်း အုန်းလက်မှုထုတ်ကုန်လုပ်ငန်းရှင်ထံမှ သိရသည်။

လက်ရှိအချိန်တွင် မြန်မာ့အုန်းခွံလက်မှု အနုပညာပစ္စည်းများကို အာရှနိုင်ငံများဖြစ်သည့် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဂျပန် စသည့်နိုင်ငံများမှ ဝယ်ယူ

*စာမျက်နှာ ၃ ကော်လံ ၁* ❐


### ယနေ့ ဖတ် စ ရာ


နိုင်ဂျာနိုင်ငံဖြစ်စဉ်အကြောင်း တစေ့တစောင်းနဲ့ ဆက်စပ်စဉ်းစားမိသမျှ ...
ဆောင်းပါး | စာ ၆

........................................

အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်၏ လုပ်ငန်းဆောင်ရွက်မှုများ
ဆောင်းပါး | စာ ၁၀

........................................

တိမ်ပင်လယ်တွေစုဝေးရာအရပ် သို့မဟုတ် အပန်းဖြေစခန်းများစွာ စုစည်းရာ ရေယောင်းမ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း
ရှေ့နိုင်ငံမြင်ကွင်းကျယ် | စာ ၁၈

## ဩဂုတ်လ၏ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ရရှိအောင်ပြုစုပျိုးထောင်ရာတွင် အာဟာရဖွံ့ဖြိုးရေးကိုလည်း အလေးဂရုပြုဆောင်ရွက်ပေးနိုင်ရန် အရေးကြီးသည်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်အောင်မြင်မြင်လွှမ်းခြုံဆောင်ရွက်နိုင်သည်နှင့်အမျှ ကလေးငယ်များ၏ ကျန်းမာသန်စွမ်းမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့အပေါ် အကျိုးသက်ရောက်မှုများ ရရှိလာမည်ဖြစ်ပြီး ပညာတတ်နိုင်ငံသားများ တစ်နည်းအားဖြင့် တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အသက် ၅ နှစ်အောက် ကလေးငယ်များတွင် အာဟာရချို့တဲ့မှုကြောင့် ကလေး ၄ ဦးလျှင် ၁ ဦးနှုန်းသည် ပုညှက်နေကြောင်းနှင့် စစ်တမ်းကောက်ယူလေ့လာမှုများအရ အသက် ၅ နှစ်အောက် ကလေးငယ်များ အာဟာရချို့တဲ့နှုန်း တဖြည်းဖြည်းလျော့ကျလျက်ရှိသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်စံနှုန်းဖြစ်သည့် နိုင်ငံတစ်နိုင်ငံတွင် ၅ နှစ်အောက် ကလေးငယ်များ ပုညှက်မှု ၂၀ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိနိုင်ရန် ဆက်လက်ကြိုးပမ်းရဦးမည်ဖြစ်သည်ဟုလည်း သိရသည်။ အာဟာရချို့တဲ့ခြင်းသည် ကလေးများသေဆုံးခြင်းနှင့် ကလေး၏ ရုပ်ပိုင်း၊ စိတ်ပိုင်း ဖွံ့ဖြိုးမှုများကို တစ်သက်တာထိခိုက်စေနိုင်သည့် အကြောင်းရင်းတစ်ရပ်ဖြစ်ပြီး အစာအာဟာရကို လုံလောက်စွာ စားသုံးနိုင်မှုမရှိခြင်း၊ မကြာခဏ ဖျားနာခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ အသိပညာဗဟုသုတနည်းပါးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမမီခြင်းတို့ကြောင့် အာဟာရချို့တဲ့မှုနှုန်းကို မြင့်မားစေသည်ဟု ဆိုသည်။

ကလေးများအာဟာရပြည့်ဝရေး၊ စံမီကြီးထွားဖွံ့ဖြိုးရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်ထက်မြက်ရေးတို့သည် မိမိတို့ရင်သွေးများ ရသင့်ရထိုက်သည့် အခွင့်အရေးများဖြစ်သည့် အလျောက်ပြည်သူလူထုအနေဖြင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ၂၀၀၉ ခုနှစ်မှစကာ ဩဂုတ်လတစ်လလုံးကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။ ဩဂုတ်လ ပထမသီတင်းပတ်သည် "ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်"၊ ဒုတိယသီတင်းပတ်သည် "ငါးနှစ်အောက်ကလေးများ၊ ကျောင်းနေအရွယ်ကလေးများနှင့် လူငယ်များအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်"၊ တတိယသီတင်းပတ်သည် "ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်"၊ စတုတ္ထသီတင်းပတ်သည် "အိုင်အိုဒင်းချို့တဲ့မှု ရောဂါများပပျောက်ရေးနှင့် အစာတွင် အဏုအာဟာရဖြည့်စွက်ရေး ရက်သတ္တပတ်" ဟူ၍ဖြစ်ပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များကို လူထုလှုပ်ရှားမှုများအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။

ကလေးများအား မွေးစမှ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်နှင့် ကလေးအသက် ခြောက်လပြည့်သည့် အချိန်မှစ၍ သင့်တော်သော ဖြည့်စွက်စာနှင့်အတူ အနည်းဆုံး ကလေးအသက် နှစ်နှစ်အထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားရာ မိခင်နို့စနစ်တကျ တိုက်ကျွေးမှုကို ပိုမိုမြှင့်တင်သွားရန် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အသက် (၅) နှစ်အောက် ကလေးများ ကာလရှည် အာဟာရချို့တဲ့မှုကြောင့် ဖြစ်ပေါ်သည့် ပုညှက်မှု ၂၆ ဒသမ ၇ ရာခိုင်နှုန်းရှိနေခြင်းကို လျှော့ချနိုင်ရေးအတွက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပိုမိုမြှင့်တင်ဆောင်ရွက်ရန်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ အာဟာရလျော့နည်းပါက သန္ဓေသားနှင့် ကလေးငယ်တို့၏ ဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်ခြင်းကြောင့် သံဓာတ်ဆေးပြားနှင့် ဗီတာမင်ဘီဝမ်းဆေးပြား တိုက်ကျွေးခြင်းဖြင့် အာဟာရဖွံ့ဖြိုးရေး ဆောင်ရွက်ရန်၊ ခန္ဓာကိုယ်ပုံမှန်ကြီးထွားရေး၊ ဦးနှောက်ဖွံ့ဖြိုးဉာဏ်ရည်ထက်မြက်ရေး၊ ခန္ဓာကိုယ်ဇီဝကမ္မလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးတို့အတွက် လုံလောက်စွာ စားသုံးရန် လိုအပ်သော အိုင်အိုဒင်းအာဟာရချို့တဲ့မှု မဖြစ်ပေါ်ရေးဆောင်ရွက်ရန် လူထုလှုပ်ရှားမှုအသွင် မြှင့်တင်ဆောင်ရွက်သွားမည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များတွင် လူတိုင်းပါဝင်ကြရမည့်အကြောင်း။ ။

## တိုက်ကြီးမြို့နယ်၌ မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်ပြိုင်ပွဲကျင်းပ

## တိုက်ကြီးခရိုင်၌ မိုးစပါး စုစုပေါင်းဧက ၁၁၀၀၀၀ ကျော် စိုက်ပျိုးထား

ရန်ကုန် ဩဂုတ် ၅

၂၀၂၃ ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်ပြိုင်ပွဲ အခမ်းအနားကို ယမန်နေ့က တိုက်ကြီးမြို့နယ် ကျိုက်စကိုင်း ကျေးရွာ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုက်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ၂၀၂၃ ခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး မိုးစပါး၊ ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်ပြိုင်ပွဲတွင် အဖွဲ့ခြောက်ဖွဲ့၏ ကောက်စိုက်နေမှုကို တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။ (အပေါ်ပုံ)

**ဂုဏ်ပြုချီးမြှင့်**

ယင်းနောက် ပြိုင်ပွဲတွင် အဖွဲ့လိုက် ဆုရရှိသူများနှင့် တစ်ဦးချင်း ဆုရရှိသူများကို တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး ကောက်စိုက်သမများနှင့် တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**စုစုပေါင်း ဧကစိုက်ပျိုး**

တိုက်ကြီးခရိုင် တိုက်ကြီးမြို့တွင် ၆၁၆၂၇ ဧက၊ ဥက္ကံမြို့တွင် ၃၃၄၈၇ ဧကနှင့် အဖျောက်မြို့တွင် ၁၆၂၉၂ ဧက စိုက်ပျိုးထားပြီး စုစုပေါင်း ၁၁၁၄၀၆ ဧက စိုက်ပျိုးထားကြောင်း အထူးအထွက်တိုးမျိုး ၇၆၉ ဧက၊ အထွက်ကောင်းမျိုး ၁၀၉၃၈၆ ဧကနှင့် ဒေသစပါးမျိုး ၁၂၅၁ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ဆန်းကျော်ဦး

(ပြန်/ဆက်)

## ကျောက်ဆည်မြို့နယ်၌ မြို့နယ်သမဝါယမအသင်းစုမှ သွင်းအားစုပံ့ပိုးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

ကျောက်ဆည် ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် အသင်းသား တောင်သူများအား သမဝါယမကန်ထရိုက် လယ်ယာစနစ်ဖြင့် သွင်းအားစုမြေသြဇာများပေးအပ်ပွဲကို ယမန်နေ့က ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ထွန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌဦးကျော်သန်းက သွင်းအားစုမြေသြဇာများ ထောက်ပံ့ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများဖြစ်သည့် ရောင်နီဦး စိုက်/ထုတ် သမဝါယမအသင်း၊ ငါးလုံကုန်း စိုက်/ထွေ သမဝါယမအသင်း၊ ပတ္တာ စိုက်/ထွေ သမဝါယမအသင်း၊ တောင်ပလူ စိုက်/ထွေ သမဝါယမအသင်း၊ ရဲမအူ စိုက်/ထွေ သမဝါယမအသင်း၊ ပင်တလည် စိုက်/ထွေ သမဝါယမအသင်း၊ ရွှေသဇင် စိုက်/ထွေ သမဝါယမအသင်း၊ ငှက်တောင် စိုက်/ထွေ သမဝါယမအသင်း၊ ရွှေလေး စိုက်/ထွေ သမဝါယမအသင်းနှင့် ဇရပ်ဖြူ စိုက်/ထွေ သမဝါယမအသင်းများမှ အမှုဆောင်များအား ဦးစီးအရာရှိနှင့် အသင်းစုအမှုဆောင်အဖွဲ့က သွင်းအားစုမြေသြဇာများ ပေးအပ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဇေယျာသီရိမြို့နယ်၌ အိမ်ခြံဥယျာဉ်စိုက်ပျိုးခြင်းအတွက် မျိုးစေ့နှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

ဇေယျာသီရိ ဩဂုတ် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် စည်ပင်သာယာစိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ အိမ်ခြံဥယျာဉ်စိုက်ပျိုးခြင်းအတွက် မျိုးစေ့နှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ (ယာပုံ)

အဆိုပါ အိမ်ခြံဥယျာဉ်စိုက်ပျိုးခြင်းအတွက် မျိုးစေ့နှင့် ပံ့ပိုးပစ္စည်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ(ရုံးချုပ်) မှ ထောက်ပံ့ပေးခြင်းဖြစ်ကာ ပေးအပ်ပွဲတွင် ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထိုက်ကြွယ်နှင့် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်တို့က အမှာစကားပြောကြားကာ ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးပြေသိန်းတို့က ဇေယျာသီရိမြို့နယ်အတွင်း စိုက်ပျိုးရေးအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက



ကျည်တောင်ကျေးရွာအုပ်စု စည်ပင်သာယာကျေးရွာမှ တောင်သူ ၅၀ အတွက် ခရမ်း (စိမ်းရှည်)၊ ခရမ်း (ညိုရှည်)၊ ကြက်ဟင်းခါး (အပ)၊ ခရမ်းချဉ်(ကျားခြေရာ)၊ တိုင်လွတ်ပဲ စုစုပေါင်း မျိုးစေ့ငါးမျိုး နှစ်ထုပ်နှုန်း၊ ပံ့ပိုးပစ္စည်းများအနေဖြင့် စိုက်ပျိုးရေးနည်းပညာစာအုပ် ၅၀၊ ခက်ရင်းဂေါ်ပြား အစုံ ၅၀၊ အပင်ညှပ်ကတ်ကြေး အလက် ၅၀၊ ရေဖျန်းပုံး ၅၀၊ ပျိုးဗန်း ၁၀၀၊ ပျိုးအိတ် ၇၅၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး Myanmar Cyber Security Challenge 2023 (အလွတ်တန်းအဆင့်) ပြိုင်ပွဲ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၅**

Myanmar Cyber Security Challenge 2023 (အလွတ်တန်းအဆင့်)ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အဆိုပါ ပြိုင်ပွဲဖွင့်ပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲသို့ တပ်မတော်နည်းပညာ တက္ကသိုလ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရနည်းပညာ ကောလိပ် / သိပ္ပံများမှ အသင်း ၂၅ သင်း၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး (UI$ Team)အသင်းက ပထမ၊ (n00b_779082) အသင်းက ဒုတိယနှင့် (U_SH3LL) အသင်းက တတိယ ရရှိခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆုရရှိသည့်အသင်းများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံတွင် Myanmar Cyber Security Challenge ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ အကန့်အသတ်ကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၂၂ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့ကာ ယခု ၂၀၂၃ ခုနှစ်တွင် (၇) ကြိမ်မြောက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲမှ အနိုင်ရထူးချွန်သူများကို အာဆီယံဒေသတွင်းနိုင်ငံများတွင် ကျင်းပသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

**✻ ရှေ့ဖုံးမှ**

ကျောက်စာရုံစေတီများကို တည်ဆောက်ရာတွင် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပညာရှင်များ၊ အခြားအရပ်ဘက်ကျွမ်းကျင်ပညာရှင်များက ခေတ်မီစက်ပစ္စည်းကိရိယာများအသုံးပြု၍ စနစ်တကျတည်ဆောက်ခဲ့သည့်အတွက် ကျောက်စာရုံစေတီ အဆူ ၇၂၀ အား ရှုထောင့်ပေါင်းစုံမှ သပ္ပါယ်စွာဖြင့် ယခုကဲ့သို့ ကြည်နူးစွာ ဖူးမြော်နိုင်သည်။

သို့ဖြစ်ပါ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ ၁၆ ရက်အထိ လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ကာ အခမဲ့ဝင်ရောက်ဖူးမြော်ချိန်၌ ကျောက်စာရုံစေတီတော်များ၏ တရားတော်များနှင့် ဗိသုကာလက်ရာ၊ အင်ဂျင်နီယာ ပညာရပ်များကို ဖူးမြော်လေ့လာနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**သတင်းစဉ်**

---

**❐ ရှေ့ဖုံးမှ**

အားပေးလျက်ရှိပြီး ဥရောပနိုင်ငံများဖြစ်သည့် UK နှင့် US တို့မှလည်း မှာယူမှုများရှိသည်ဟုဆိုသည်။

"မြန်မာ့အုန်းခွံလက်မှုအနုပညာပစ္စည်းတွေကို စင်ကာပူ၊ ဂျပန်၊ မလေးရှား၊ ထိုင်းစတဲ့ အာရှနိုင်ငံတွေက မှာယူကြတယ်။ ဒူဘိုင်းက မှာယူတာ အချို့ရှိလာသလို ဒူဘိုင်းကလည်းဝယ်ယူဖို့ ဈေးညှိနှိုင်းတာတွေရှိနေပြီး UK နဲ့ US နိုင်ငံတွေကလည်း မှာယူတာတွေရှိနေတယ်။ သီရိလင်္ကာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့ကလည်း အုန်းလက်မှုလုပ်ကိုင်နေသူအချင်းချင်း မှာယူနိုင်ဖို့အွန်လိုင်းကနေ မိတ်ဖွဲ့ထားတွေလည်း ရှိပါတယ်"ဟု အုန်းလက်မှုထုတ်ကုန် လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ကိုဖိုးဇော်က ပြောသည်။

အုန်းခွံလက်မှုထုတ်ကုန်များအဖြစ် အုန်းခွံဖြင့် ပြုလုပ်ထားသော မီးအိမ်များ၊ အုန်းခွံဖြင့်ပြုလုပ်ထားသော ရေနွေးအိုး၊ ခွက်၊ ဇွန်းများ၊ အုန်းခွံဖြင့်ပြုလုပ်ထားသော ကြယ်သီးများ၊ နားကပ်၊ လည်ဆွဲနှင့် လက်ကိုင်အိတ်အမျိုးမျိုး စသည့်ထွက်ကုန်များကိုထုတ်လုပ်ပြီး အုန်းခွံဖြင့်ပြုလုပ်သော ကြယ်သီးများကို ပြည်တွင်း၊ ပြည်ပ အထည်ချုပ်စက်ရုံများက ကြိုက်နှစ်သက်ပြီး ဝယ်ယူမှုအများဆုံးပစ္စည်းများဖြစ်ကြောင်း သိရသည်။

အုန်းထုတ်ကုန်ပစ္စည်းများ ပြည်ပတွင်ဈေးကွက်ရရှိလာသော်လည်း အခက်အခဲအနေဖြင့် သယ်ယူပို့ဆောင်စရိတ်များကြီးမြင့်ခြင်း၊ ရင်းနှီးမြှုပ်နှံပေးမည့်သူမရှိခြင်းနှင့် လုပ်ငန်းကျွမ်းကျင်ပြီး ပစ္စည်းထုတ်လုပ်နိုင်သည့် လုပ်သားနည်းပါးခြင်းများကို ကြုံတွေ့နေရကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

**TC**

---

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ နောင်စပ်အင်းနှင့် တာလောကြီးအင်းအတွင်း ငါးမျိုးစိုက်ထည့်မွေးမြူရန် ငါးသားပေါက်များနှင့် ငါးအစာအိတ်များ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား ဩဂုတ် ၅**

ကချင်ပြည်နယ်အတွင်း ငါးစားသုံးမှု ဖူလုံစေရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် မြစ်ကြီးနားမြို့နယ်အတွင်း နောင်စပ်အင်းနှင့် တာလောကြီးအင်းအတွင်း ငါးမျိုးစိုက်ထည့်မွေးမြူရန် ငါးသားပေါက်နှင့် ငါးအစာအိတ်များ ပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် မိုးစပါးအပြင် သီးထပ်များဖြင့် စွမ်းအားပြည့် စိုက်ပျိုးလာနိုင်ရေး သွင်းအားစုများ ကြိုးပမ်းထောက်ပံ့ပေးအပ်လျက်ရှိသည့်အပြင် သား/ငါးထုတ်လုပ်မှုကဏ္ဍတွင်လည်း ပြည်နယ်တွင်း ဖူလုံစေရေးသာမက နိုင်ငံအတွက်ပါ ဖူလုံစေရေးအတွက် ရည်မှန်းချက်ထား၍ လိုအပ်သည့် သွင်းအားစုများကို ထောက်ပံ့နိုင်ရေး စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောအောင်ရဲထွန်းလွင်က ပြည်နယ်အတွင်း ငါးထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားစေရေး အစုအဖွဲ့ဖြင့် နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေမှ ငါးမွေးမြူနိုင်ရေး ပံ့ပိုးပေးလျက်ရှိသည့်အခြေအနေများနှင့် ငါးသားပေါက် စိုက်ထည့်ပေးသွားမည့် နောင်စပ်အင်းနှင့် တာလောကြီးအင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မြစ်ကြီးနားမြို့နယ်အတွင်းရှိ နောင်စပ်အင်းအတွက် လိုအပ်သော ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းခွဲ၊ ငါးခုံးမကြီး ငါးသောင်း၊ စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းနှင့် ရေပေါ်အစာတောင့် အစာအိတ် ၁၀ အိတ်စီဖြင့် စုစုပေါင်း အစာအိတ် ၂၀ တို့ကို ရေလုပ်သားတောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ရာ အင်းရေလုပ်ငန်းဆောင်ရွက်သောတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်အတွင်းရှိ နောင်စပ်အင်းသို့ သွားရောက်ပြီး နောင်စပ်အင်းအတွင်း ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ တစ်သိန်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ငါးသောင်းတို့ကို တောင်သူများနှင့်အတူ စုပေါင်းစိုက်ထည့်ပေးကြကာ နောင်စပ်အင်းအား မြစ်ကြီးနားမြို့တွင်း စိမ်းလန်းစိုပြည်၍ အများပြည်သူအပန်းဖြေအနားယူနိုင်သည့် ရေကန်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အင်းဧရိယာကို မြေပြင်အခြေအနေ စနစ်တကျ တိုင်းထွာစစ်ဆေး ဆောင်ရွက်ရေး၊ အင်းပတ်လည်တွင် လျှောက်လမ်းနှင့် အလှပန်းပင်များဖြင့် သာယာလှပလာစေရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရေးဆွဲဆောင်ရွက်ရေး ဌာနဆိုင်ရာများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြပြီး အင်းပတ်လည်ရှိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကတ်သလစ်အသင်းတော် လူငယ်ပြုစုပျိုးထောင်ရေး ဂေဟာအတွင်း နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေကျပ်သိန်း ၅၀၀ မတည်မှုဖြင့် နို့စားနွား ၁၇ ကောင် မွေးမြူထားရှိမှုအခြေအနေများ၊ နေဗီယာမြက် စိုက်ပျိုး၍ နွားစာကျွေးမွေးနေမှုအခြေအနေများနှင့် နွားနို့ထုတ်လုပ်နိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြကာ လိုအပ်သည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က တိရစ္ဆာန်အထောက်အကူပြု ဆေးဝါးများနှင့် အစာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သံတွဲခရိုင်နှင့် တောင်ကုတ်ခရိုင်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဩဂုတ် ၅**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သံတွဲခရိုင်နှင့် တောင်ကုတ်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်း ဆောင်ရွက်ကြသည်။

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဩဂုတ် ၄ ရက် ညနေပိုင်းတွင် သံတွဲမြို့ သိမ်ကုန်းကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငပလီမြို့ ဂျိတ္တောရပ်ကွက်ရှိ ပုလဲရတနာဘုန်းတော်ကြီးသင်ကျောင်းသို့သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်ကာ ဘုန်းတော်ကြီးသင်ကျောင်းအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံတွဲမြို့နယ် အလယ်ရွာကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့်ပူးပေါင်းပြီး တစ်ဧက တင်း ၁၀၀ ထွက်ရှိရေးအတွက် အထွက်နှုန်း



ကောင်းသည့် မျိုးစပါး GW – 11နှင့် ဆင်းသုခ မျိုးစပါးများအား စံပြစိုက်ကွက်သရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကာ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စံပြကွက်ဖော်ဆောင်ခြင်းနှင့် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကုတ်မြို့နယ် အဘောကျေးရွာ၌ မွေးမြူရေး လုပ်ငန်းရှင် ဦးတင်မောင်ဌေး၏ TMP ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးကြရာ မွေးမြူရေးလုပ်ငန်းရှင်က ကဏန်းပျော့များ မွေးမြူထုတ်လုပ်နေမှု၊ ထွက်ရှိလာသော ကုန်ကြမ်းများအား သံတွဲမြို့ရှိအအေးခန်းစက်ရုံတွင် ကုန်ချောများပြုလုပ်ကာ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေမှုနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တောင်ကုတ်မြို့နယ် သက္ကယ်ပြင်ကျေးရွာ၌ အကျိုးဆောင်တောင်သူများဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဆင်းသွယ်လတ်စပါး မျိုးစေ့ထုတ်စိုက်ခင်း ၁၅ ဧက စိုက်ပျိုးပြီးစီးအောင်မြင်နေမှုအား သွားရောက်ကြည့်ရှုအားပေးကြရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မြို့နယ်အတွင်း မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်မြို့နယ် မုတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုအား သွားရောက်ကြည့်ရှုအားပေးကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်မြို့နယ်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် တောင်ကုတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က တောင်ကုတ်ခရိုင်၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာဆိုင်ရာများက ပြန်လည်ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းစစ်ဆေး

တောင်ငူ ဩဂုတ် ၅

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဩဂုတ် ၅ ရက် နံနက်ပိုင်းက တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုသည်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူမြို့နယ် ကေတုမတီမြို့သစ် နတ်သျှင်နောင်ရပ်ကွက် ဦးမြတ်သီဟ၏ မြတ်ပဲမုန့်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဘေးကင်းလုံခြုံသော အစားအစာဖြစ်စေရန် FDA ထောက်ခံချက်ရရှိရေး၊ ထုပ်ပိုးမှုစနစ်များ အဆင့်မြှင့်တင်နိုင်ရေးနှင့် လုပ်ငန်းချိန်အတွင်း လျှပ်စစ်မီးရရှိစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော တောင်ငူမြို့ အမှတ် (၂၁) ရပ်ကွက်ရှိ အာလူးကြော်လုပ်ငန်း၊ အုတ်တွင်းမြို့နယ် ဗောဓိကုန်းကျေးရွာရှိ ဥစားကြက်ကောင်ရေ ၄၀၀၀၀ မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှု အားပေးသည်။ **(အောက်ပုံ)**

ယင်းနောက် ညောင်လေးပင်မြို့ မြို့မ (၃) ရပ်ကွက်တွင် ညောင်လေးပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သုံးထပ်အဆောက်အအုံသစ် ဆောက်လုပ်မည့် မြေနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များ မှာကြားပြီး ဦးလင်းထက်၏ ဒါနဟိတတန် ၈၀ ကျ ဆန်စက်အား စပါးခွံစွန့်ပစ်ပစ္စည်းသုံး လျှပ်စစ်ဓာတ်အားပေးစက် Gasi-fier ဖြင့် လည်ပတ်နေမှုကို သွားရောက်ကြည့်ရှုအားပေးကာ စွန့်ပစ်ရေများ ပြန်လည်သန့်စင်နိုင်ရေး နည်းပညာပေးရန်၊ စပါးခွံမှ လောင်စာတောင့် တွဲဖက်ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။ ထို့နောက် ညောင်လေးပင်မြို့နယ် ပွန်တန်ဆာမြို့ ဘိုင်းဒါးစံပြကျေးရွာနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးမျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်ကြဲပက်ခြင်းနှင့် တမန်းနိုးခြင်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများကို အစိုးရအဖွဲ့ အစီအစဉ်ဖြင့် မှာယူထားသည့် တန်ဖိုးနည်း လက်ဆွဲကောက်စိုက်စက် အသုံးပြုပုံနှင့် ပျိုးထောင်မှုလုပ်ငန်းစဉ်များ၏ အသိပညာပေး ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ကရင်ပြည်နယ်ဝန်ကြီးချုပ် စိုက်ပျိုးစွမ်းအားမြှင့်တင်နိုင်ရေး ကြည့်ရှုစစ်ဆေး

**ဘားအံ ဩဂုတ် ၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ဇွန်လမှ အောက်တိုဘာလကုန်အထိ မိုးစပါးဧက ၁၁၉၀၄၃ ဧက ကျော်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ မိုးစပါး ၄၇၅၂၈ ဧက ရာခိုင်နှုန်းအားဖြင့် ၄၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးကာ စွမ်းအားပြည့်ထွန်ယက်စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်အဖွဲ့သည် ဩဂုတ် ၅ ရက် နံနက်ပိုင်းက မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဘားအံမြို့နယ်သည် မိုးများသည့်ဒေသဖြစ်ပြီး ရေကြီးကွင်း၊ ရေနက်ကွင်းများတည်ရှိ၍ မိုးစပါးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စိုက်ပျိုး၍ မရဘဲ ရေကျချိန်စက်တင်ဘာလကုန်ခန့်တွင် ရေကျနောက်စိုက် မိုးစပါးများကို စိုက်ပျိုးလေ့ရှိကြသည့် အတွက် မိုးစပါးစိုက်ဧကများ ထွန်ယက်စိုက်ပျိုးရန် ကျန်ရှိနေခြင်းဖြစ်ကာ မိုးစပါးလျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် ခရိုင်၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်တိုးတက်မြင့်မားရေးကော်မတီဝင်များက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ အမှတ် (၈) ရပ်ကွက် ကွင်းအမှတ် (၁၁၈၄) ထောင်ဝိကွင်း၌ မိုးစပါးထွန်ယက်စိုက်ပျိုးပြီးစီးမှု၊ ဘားအံမြို့နယ် ရဲသာ (ကမော့ကစင်) ကျေးရွာကွင်းအမှတ် (၁၁၈၆) ကမော့ကစင်အရှေ့ကွင်းတွင် တောင်သူများ ထွန်ယက်စိုက်ပျိုးနေမှု၊ ဘားအံမြို့နယ် လှိုင်ကမ္ဘာကျေးရွာအုပ်စု ကော့နန်းသာကျေးရွာ ကွင်းအမှတ် (၁၁၉၂) (က) ရေတံခွန်းကွင်းတွင် တောင်သူများ ထွန်ယက်စိုက်ပျိုးပြီးစီးမှု၊ လက္ခဏာကျေးရွာနှင့် ခလောက်ထောင်ကျေးရွာတို့တွင် မိုးစပါးထွန်ယက်စိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေး၍ တောင်သူများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို မေးမြန်းဆွေးနွေးရာ တောင်သူများက သွင်းအားစုများအား သက်သာသောနှုန်းထားဖြင့် ရရှိနိုင်ရေး၊ လယ်ယာလုပ်ငန်းခွင်တွင် လိုအပ်သော ရေသွင်း၊ ရေထုတ်မြောင်းများ၊ Box Culvert များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးတင်ပြကြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ တောင်သူများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာစေရေး၊ နည်းစနစ်မှန်ကန်မှုရှိစေရေး၊ ပိုးမွှားကာကွယ်ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရရှိရေး၊ မိုးစပါးရာသီအစမှ ရာသီပိတ်သိမ်းချိန်ထိ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၅

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်။

မိုး/ဇလ

# ပထမအကြိမ် တောင်သူနည်းပညာပေး ဆွေးနွေးပွဲ (Farmer's Forum)ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

တောင်သူနည်းပညာပေး ဆွေးနွေးပွဲ (Farmer's Forum) ကို ယနေ့ နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန တောင်သူလယ်သမားရုပ်သံခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ စိုက်ပျိုးရေးသုတေသန ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအောက်ရှိ နည်းပညာကျွမ်းကျင် ပညာရှင်များနှင့် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းနှင့် အခြားလူမှုကွန်ရက် မီဒီယာများမှ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး သာမက တောင်သူများနှင့် ပညာရှင်များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းသစ်များ ဖော်ထုတ်အသုံးချဆောင်ရွက်ကြရန် ယနေ့ဖွင့်လှစ်သည့် တောင်သူနည်းပညာပေးဆွေးနွေးပွဲသည် တောင်သူလယ်သမားများအကျိုး စီးပွားမြှင့်တင်ရေးအတွက် သုတေသီများ၊ ပညာရှင်များနှင့် စိုက်ပျိုးပညာပေး တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သည့် Smart Movement ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဝင်ငွေရပြီး စိုက်ပျိုးရေ အနည်းငယ်သာ လိုအပ်သည့်သီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ရေအသုံးချသူများအဖွဲ့(WUG)များအနေဖြင့် လက်တွေ့ဆန်ဆန် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်လုံး အင်အားကောင်းသော အစုအဖွဲ့များအဖြစ် လှုပ်ရှားလာကြစေရေး တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူ နည်းပညာပေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန အပင်ရောဂါ သုတေသနဌာနစုမှ တာဝန်ရှိသူက မတ်ပဲသီးနှံ အပင်အသေအပျောက်များခြင်း ပြဿနာဖြေရှင်းရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်း နည်းစနစ်များဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဆွေးနွေးပွဲ တက်ရောက်လာကြသော တောင်သူများက မတ်ပဲစိုက်ပျိုးရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြဆွေးနွေးကြပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာအခက်အခဲများ ဖြေရှင်းပေးရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် သုတေသီများ၊ ပညာရှင်များ၊ စိုက်ပျိုးပညာပေး တာဝန်ရှိသူများနှင့် တောင်သူများအကြား နီးကပ်စွာ ဆွေးနွေးအဖြေရှာ ဖော်ထုတ်ပေးနိုင်ရေး အတွက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲ (Farmer's Forum) ကိုအပတ်စဉ်စနေနေ့တိုင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ Air-Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**သာယာဝတီ ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ကလေးအလုပ်သမားဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ဟသ်ာရွှေမြေ တောင်သူလယ်သမားနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံစိုက်ပျိုးရေးလုပ်သားများ တိုင်းအဖွဲ့အစည်းတို့မှ ပူးပေါင်းပြီး Air–Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း (၅/၂၀၂၃)နှင့် (၆/၂၀၂၃)သင်တန်းကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မန်ကျည်းပင်ရွာ၌ ဖွင့်လှစ်ကြောင်း သိရသည်။

Air–Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း(၅/၂၀၂၃) ကို ၂၈–၇–၂၀၂၃ ရက်မှ ၁–၈–၂၀၂၃ ရက်အထိလည်းကောင်း၊ Air–Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း(၆/၂၀၂၃)ကို ၃၁–၇–၂၀၂၃ ရက်နေ့မှ ၄–၈–၂၀၂၃ ရက်နေ့အထိ လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် Air–Compressor နှင့် ပတ်သက်သော အသိပညာများကို စာတွေ့/လက်တွေ့ စနစ်တကျသင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းပြီးဆုံးပါက သင်ယူရရှိသည့် အသိပညာ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများကိုအသုံးချပြီး မိမိတို့၏လုပ်ငန်းနယ်ပယ်များတွင် ပြန်လည်အသုံးချလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၅** – မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့နှင့် ဘီးလင်းမြို့တို့တွင် ၄ ဒသမ ၄၈ လက်မစီ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ပိုင်ကျုံမြို့တွင် ၃ ဒသမ ၆၀ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ကျိုက်ဒိုမြို့တွင် ၃ ဒသမ ၂၀ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၃ ဒသမ ၀၇ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၈၈ လက်မ၊ ဘူးသီးတောင်မြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၂ ဒသမ ၅၈ လက်မနှင့် မြဝတီမြို့တွင် ၂ ဒသမ ၄၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ပျော်ဘွယ်မြို့နယ်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ကျင်းပသည့် နှမ်းသီးနှံသုတေသနစမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲကျင်းပ

**ပျော်ဘွယ် ဩဂုတ် ၅**

စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲမှဦးဆောင်ကျင်းပသည့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် နှမ်းသီးနှံသုတေသန စမ်းသပ်ကွက် ကွင်းသရုပ်ပြသခြင်းကို ဩဂုတ် ၅ ရက် နံနက် ၈ နာရီခွဲက ပျော်ဘွယ်မြို့နယ် ချောင်းမကြီး မျိုးသန့်ခြံတွင် ကျင်းပသည်။



**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ) ဒေါက်တာထွန်းရွှေက မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းဖြင့် ချောင်းမကြီး မျိုးသန့်ခြံအား အဆင့်မြှင့်တင်ခြင်း၊ နှမ်းမျိုးစေ့ထုတ်လုပ်မှု တိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေအနေများ၊ စီမံကိန်းညွှန်ကြားရေးမှူး (မျိုးစေ့ဌာနခွဲ) ဦးသီဟထွန်းက စီမံကိန်းအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မျိုးသန့်ခြံအတွင်း စိုက်ပျိုးထားသော နှမ်းသုတေသန စမ်းသပ်စိုက်ခင်းရှိ ဒေသနှင့်ကိုက်ညီသော မျိုးများရွေးချယ်ခြင်း၊ မြေဩဇာနှုန်းထားအမျိုးမျိုး စမ်းသပ်ကွက်၊ နှမ်းရိုးမဲရောဂါ ကာကွယ်နိုင်သည့် မှိုထည့်သွင်းစိုက်ပျိုးစမ်းသပ်ကွက်တို့အား နှမ်းစိုက်တောင်သူများက လေ့လာကြည့်ရှုကြပြီး(အပေါ်ပုံ) စိုက်ပျိုးနည်းစနစ်များနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းမင်းထွေး**
**(ပျော်ဘွယ်)**

## စစ်တွေမြို့နယ်(သာယာကုန်း)ကမာန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်

**စစ်တွေ ဩဂုတ် ၅**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးညီညီ (လက်ထောက်ညွှန်ကြားရေးမှူး) သည် ဒုတိယဦးစီးမှူး ဦးကျော်ကျော်ဦး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ အောင်သူစံတို့နှင့်အတူ ဩဂုတ် ၅ ရက်က စစ်တွေမြို့နယ် (သာယာကုန်း) ကမာန်ကျေးရွာသို့ မြေပြင်ကွင်းဆင်း သွားရောက်ကာ



အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ၎င်းလုပ်ငန်းများအား ဆောင်ရွက်အကောင်အထည်ဖော်ရာတွင် စစ်တွေမြို့နယ် သင်းဂွနက်ကျေးရွာအုပ်စု (သာယာကုန်း) ကမာန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF) အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နွားမွေးမြူရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး မွေးမြူထားရှိသည့် နွားများအား (Hemorrhogic Septi–cenia) (HS) လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# နိုင်ဂျာနိုင်ငံဖြစ်စဉ်အကြောင်း တစေ့တစောင်းနဲ့ဆက်စပ်စဉ်းစားမိသမျှ . . .

**၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်တွေမှာ ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းဟာ အတော်လေးလှုပ်ရမ်းမှုတွေ ဖြစ်ပါတယ်။ ရုရှား-ယူကရိန်း ပဋိပက္ခဟာ ကမ္ဘာ့နိုင်ငံရေး၊ စစ်ရေးသတင်းတွေမှာ နေရာအတော်များများ ယူထားပါတယ်။ အခုနောက်ဆုံးဖြစ်ခဲ့တဲ့ နိုင်ဂျာနိုင်ငံဖြစ်စဉ်ကလည်း စိတ်ဝင်စားစရာ ကမ္ဘာ့သတင်းအဖြစ် နေရာယူလာပါတယ်။ သာမန်ကြည့်လိုက်ရင် နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာ ရယူလိုက်တယ်ဆိုပေမယ့် နောက်ကွယ်မှာ အကြောင်းတရားတွေ များစွာ ရှိနေနိုင်ပါတယ်။**

## ကိုပြည်ချစ်

နိုင်ဂျာနိုင်ငံဆိုတာ အနောက်အာဖရိကမှာရှိတဲ့ ကုန်းတွင်းပိတ် နိုင်ငံလေးတစ်နိုင်ငံ ဖြစ်ပါတယ်။ အရှေ့မြောက်ဘက်မှာ လစ်ဗျားနိုင်ငံ၊ အရှေ့ဘက်မှာ ချဒ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်မှာ နိုင်ဂျီးရီးယားနိုင်ငံ၊ အနောက်တောင်ဘက်မှာ ဘာကီနာဖာဆိုနဲ့ ဘီနင်နိုင်ငံ၊ အနောက်ဘက်မှာ မာလီနိုင်ငံ၊ အနောက်မြောက်ဘက်မှာ အယ်ဂျီးရီးယားနိုင်ငံတို့ ရှိနေကြပါတယ်။ ၂၀၂၁ ခုနှစ် ကမ္ဘာ့ဘဏ်က ထုတ်ပြန်တဲ့ စာရင်းအရ လူဦးရေ ၂၅ သန်းကျော် ရှိပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းအချို့လည်း လုပ်ကိုင်ကြပါတယ်။



နိုင်ဂျာနိုင်ငံ၌ တပ်မတော်အာဏာသိမ်းမှုကို ထောက်ခံချီတက်ဆန္ဒပြသူများ မြို့တော် နီယာမေရှိ ပြင်သစ်သံရုံးရှေ့၌ ဇူလိုင် ၃၁ ရက်က စုဝေးဆန္ဒပြစဉ်။

နိုင်ဂျာနိုင်ငံမှာ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်မှာတော့ နိုင်ငံရေးအပြောင်းအလဲတစ်ခု ဖြစ်သွားခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီး အဗ္ဗဒူဟာမန်တီချနီ ဦးဆောင်တဲ့ နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာကို ရယူလိုက်ပါတယ်။ လုံခြုံရေးအခြေအနေ ယိုယွင်းလာတာနဲ့ လူမှုစီးပွားချို့ယွင်းလာတာတွေကို ကာကွယ်ဖို့အတွက် နိုင်ငံတော်အာဏာကို ရယူခဲ့တာဖြစ်တယ်လို့ နိုင်ငံပိုင်ရုပ်သံကနေ ကြေညာခဲ့ပါတယ်။ သူကိုယ်တိုင်လည်း နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အမျိုးသားကောင်စီရဲ့ ဥက္ကဋ္ဌတာဝန်ကိုယူထားကြောင်း သတင်းတွေကဆိုပါတယ်။ နိုင်ဂျာနိုင်ငံဟာ နိုင်ငံတောင်ပိုင်းမှာ အစ္စလာမ်စစ်သွေးကြွတွေရဲ့ ပုန်ကန်မှုနဲ့ နိုင်ငံတစ်ဝန်းရှိ ပြည်သူတွေဟာလည်း ကုန်ဈေးနှုန်းကြီးမြင့်လာမှုဒဏ်ကို ခံစားနေကြရတယ်လို့ သတင်းတွေမှာ ဖော်ပြထားပါတယ်။

### မုန်းတီးစိတ်တွေ အမြစ်တွယ်နေ

နိုင်ဂျာအပါအဝင် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မာလီနဲ့ ဘာကီနာဖာဆို နိုင်ငံသုံးနိုင်ငံတို့ဟာ ကိုလိုနီအင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်ခဲ့တဲ့ ပြင်သစ်နိုင်ငံရဲ့ ကိုလိုနီနိုင်ငံတွေ ဖြစ်ခဲ့ကြပါတယ်။ အခုလို နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာ ရယူလိုက်တာနဲ့ပတ်သက်လို့ ကန့်ကွက်သူတွေရှိသလို ထောက်ခံသူတွေလည်း ရှိပါတယ်။ ထောက်ခံတဲ့ ပြည်သူတွေဟာ အရင်က နိုင်ဂျာနိုင်ငံကို ကိုလိုနီပြု အုပ်ချုပ်ခဲ့တဲ့ ပြင်သစ်နိုင်ငံကို ဆန့်ကျင်ဆန္ဒပြဖို့ မြို့တော် Niamey မှာ စုဝေးခဲ့ကြတာတွေ၊ တချို့က ရုရှားအလံတွေကို ဝှေ့ယမ်းကိုင်ဆောင်ခဲ့ကြတာမျိုးတွေ ရှိခဲ့ပါတယ်။ နိုင်ဂျာနဲ့ အရင်က ကိုလိုနီဖြစ်ခဲ့ဖူးတဲ့ အနောက်အာဖရိကနိုင်ငံအချို့က ပြည်သူတွေမှာ ပြင်သစ်အပေါ် မုန်းတီးစိတ်တွေ အမြစ်တွယ်နေပါတယ်။

နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာ ရယူခဲ့တာနဲ့ ပတ်သက်လို့ ရုရှားကြေးစားတပ်ဖွဲ့ ဝက်ဂနာ ခေါင်းဆောင် ပရီဂိုဇင်ကတော့ နိုင်ဂျာမှာ ဖြစ်ပျက်ခဲ့တာတွေက ကိုလိုနီနယ်ချဲ့သမားတွေနဲ့ နိုင်ဂျာ ပြည်သူတွေရဲ့ တိုက်ပွဲကလွဲလို့ တခြားဘာမှ မဟုတ်ပါဘူး၊ ဒါဟာလွတ်လပ်ရေး ရယူနိုင်ခဲ့တာ ဖြစ်ပြီးတော့ ကိုလိုနီနယ်ချဲ့သမားတွေကို ဖယ်ရှားလိုက်နိုင်တာဖြစ်တယ်လို့ သူရဲ့ တယ်လီဂရမ်ကနေ တစ်ဆင့် သတင်းစကားပါးခဲ့တယ်လို့လည်း သတင်းတွေမှာ ဖတ်ရပါတယ်။

နိုင်ဂျာနိုင်ငံဟာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ ဖြစ်ပေမယ့် ကမ္ဘာမှာအကြီးဆုံး ယူရေနီယံသိုက် တချို့ရှိတဲ့နိုင်ငံ ဖြစ်ပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာမှ ကိုလိုနီအုပ်စိုးသူဟောင်း ပြင်သစ်ထံကနေ အပြည့်အဝ လွတ်လပ်ရေးရရှိခဲ့တာ ဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံဟာ အရင်က ကိုလိုနီဟောင်းနိုင်ငံတွေအပေါ် နိုင်ငံရေးအရရော၊ စီးပွားရေးအရပါ ဩဇာလွှမ်းမိုးမှုတွေ ဆက်ရှိနေပါသေးတယ်။

### ယူရေနီယံသတ္တု ထုတ်လုပ်မှု

နိုင်ဂျာတပ်မတော်က အခုလို နိုင်ငံတော်အာဏာ ရယူလိုက်တာနဲ့ ပတ်သက်လို့ နိုင်ဂျာကနေ ဥရောပကို ယူရေနီယံတင်ပို့နေမှုတွေအပေါ် အတားအဆီး ဖြစ်စေနိုင်ပြီး ပြင်သစ်နဲ့ အခြားနိုင်ငံတွေမှာ နျူကလီးယားစွမ်းအင် ထုတ်လုပ်မှုကို ထိခိုက်စေနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုများ ဖြစ်ပေါ်စေခဲ့တယ်ဆိုတဲ့ သတင်းတွေလည်း ထွက်လာပါတယ်။ နိုင်ဂျာရဲ့ ပထမဆုံးစီးပွားဖြစ် ယူရေနီယံသတ္တု ထုတ်လုပ်မှုကို ၁၉၇၁ ခုနှစ်မှာ စတင်လည်ပတ်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ဂျာမှာ ကမ္ဘာ့သတ္တုမိုင်းရဲ့ ၅ ရာခိုင်နှုန်းကို ထောက်ပံ့ပေးနိုင်တဲ့ ထင်ရှားတဲ့ ယူရေနီယံမိုင်းတွင်း နှစ်ခု ရှိပါတယ်။ ပြင်သစ်နိုင်ငံဟာ သူ့နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား ၇၀ ရာခိုင်နှုန်းခန့်ကို နျူကလီးယားစွမ်းအင်ကနေ ရရှိနေတာ ဖြစ်ပါတယ်။ အခြားနိုင်ငံတွေထက် နျူကလီးယားအသုံးပြုမှု ပိုမိုများပြားပြီး ကမ္ဘာ့အကြီးဆုံး နျူကလီးယားစွမ်းအင် အသားတင် တင်ပို့တဲ့နိုင်ငံလည်း ဖြစ်နေပြန်ပါတယ်။ အဲဒီလို တင်ပို့မှုကနေ တစ်နှစ်ကို ယူရို ၃ ဘီလီယံကျော် ရရှိနေပါတယ်။ နိုင်ဂျာဟာ ပြင်သစ်ရဲ့နျူကလီးယား ဓာတ်အားပေး စက်ရုံတွေအတွက် လိုအပ်နေတဲ့ ယူရေနီယံကို ထောက်ပံ့ပေးနေတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။

ဒီနေရာမှာ နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာရယူလိုက်တာကို မှန်တယ်၊ မှားတယ် ဆိုတာကို အဓိက မဆွေးနွေးလိုပါဘူး။ ဒါပေမယ့် နိုင်ငံတိုင်းမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားတွေဆီမှာ အမှန်တကယ် ရှိနေရဲ့လားဆိုတာကို နိုင်ဂျာနိုင်ငံဖြစ်စဉ်နဲ့ မြန်မာနိုင်ငံရေးဖြစ်စဉ်တွေထဲက တချို့အကြောင်းအရာလေးတွေကို ဆက်စပ်စဉ်းစားစရာ ဖြစ်လာပါတယ်။ ကိုလိုနီပြုခဲ့ဖူးတဲ့ နိုင်ငံတွေဟာ သူတို့ရဲ့ လက်အောက်ခံနိုင်ငံတွေကို မတတ်သာလို့ စွန့်လွှတ်ရပေမယ့် သူတို့အကျိုးစီးပွားအတွက် ဆက်ပြီး အသုံးတော်ခံနိုင်ဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးစားနေကြတာ တွေ့ရပါတယ်။ ဒီနေ့ အင်အားကြီးနိုင်ငံ အချို့ဟာလည်း သူတို့အကျိုးစီးပွားအတွက် နိုင်ငံငယ်တွေရဲ့ အတွင်းစည်းထဲကို နည်းမျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံနဲ့ ထိုးဖောက်ဝင်ရောက်ပြီး လိုသလို ပုံသွင်းနေကြတာတွေဟာ လယ်ပြင်မှာ ဆင်သွားသလို အထင်အရှား တွေ့နေရပါတယ်။

### ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ

နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာ ရယူလိုက်ချိန်မှာ ပြည်သူတချို့ဟာ ပြင်သစ်သံရုံးဆီ အပြေးအလွှားသွားပြီး ဆန္ဒဖော်ထုတ်ကြပါတယ်။ သူတို့ရဲ့ ပြင်သစ်မုန်းတီးရေးစိတ်တွေကို ဖွင့်ထုတ်ကြတယ်။ ပြင်သစ်က နိုင်ဂျာရဲ့ အဆီအနှစ်တွေ ထုတ်ယူစားသုံးနေတာ ပြည်သူတွေ ကောင်းကောင်း သိနေကြတယ်။ မတတ်သာလို့ သည်းခံနေရပေမယ့် အခါအခွင့်ပေါ်လာတော့ သူတို့ဆန္ဒကို ဖော်ထုတ်ကြတာပါပဲ။ လွတ်လပ်တဲ့ နိုင်ဂျာနိုင်ငံလို့ ဆိုပေမယ့် သူတို့အချုပ်အခြာအာဏာ သူတို့လက်ထဲမှာ မရှိတော့ဘူးလို့ခံစားနေကြရတယ်။ ကမ္ဘာ့အကြီးဆုံး ယူရေနီယံသိုက်ကြီးတချို့ရှိနေပေမယ့် သူတို့ဟာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံထဲမှာ ပါနေပြန်တယ်။



အမိမြေကာကွယ်ရေး အမျိုးသားကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အဗ္ဗဒူဟာမန်တီချနီ။

နိုင်ဂျာရဲ့အတွင်းစည်းထဲကို ပြင်သစ်က ပုံစံအမျိုးမျိုးနဲ့ ဘယ်လိုစိမ့်ဝင်နေမလဲ အတိအကျ မသိနိုင်ပေမယ့် ခန့်မှန်းကြည့်လို့ရနိုင်ပါတယ်။ ဒါကြောင့်လည်း နိုင်ဂျာတပ်မတော်က လုံခြုံရေးယိုယွင်းလာမှုနဲ့ လူမှုစီးပွား ကျဆင်းလာမှုကို ကာကွယ်ဖို့ "to preserve our homeland in a context of a deteriorating security situation, and poor economic and social governance" အတွက် နိုင်ငံတော်အာဏာကို ရယူခဲ့ရတာလို့ အတိအလင်း ထုတ်ပြန်ထားပါတယ်။

### ကိုလိုနီပြုခံထားရတဲ့ အုပ်ချုပ်ရေးမျိုး

မြန်မာနိုင်ငံမှာလည်း ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ ဩစတြေးလျနိုင်ငံသား Sean Turnell ကို စီးပွားရေးအကြံပေးအဖြစ် ခန့်အပ်ခဲ့တာကို တွေ့ရပါတယ်။ အလွန်အရေးကြီးတဲ့ အချက်အလက်တွေကို သိခွင့်ရနေတဲ့နေရာလည်း ဖြစ်ပါတယ်။ ယခင် အစိုးရလက်ထက်က Sean Turnell အပါအဝင် နိုင်ငံခြားသားအကြံပေး ၉၀ ကျော် ခန့်အပ်ခဲ့တယ်ဆိုတဲ့ သတင်းတွေလည်း ဖတ်ခဲ့ရပါတယ်။ သူ့ရဲ့ အင်တာဗျူးတွေ ကြည့်မယ်ဆိုရင် သူဟာ စီးပွားရေးမူဝါဒဆိုင်ရာ မြန်မာအစိုးရ အတိုင်ပင်ခံ၊ Myanmar Development Institute (MDI) အဖွဲ့ဝင်ဆိုပြီး ဖြေတာတွေ ဖတ်ရပါတယ်။ အတိုင်ပင်ခံပဲဖြစ်ဖြစ်၊ အကြံပေးပဲဖြစ်ဖြစ် သူဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးနယ်ပယ်မှာ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်ခွင့်ရခဲ့သူ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပါဝင်ပတ်သက်သလိုမျိုး ဩစတြေးလျအစိုးရကတောင် သူ့ကို လက်ခံနိုင်မှာ မဟုတ်ဘူးဆိုတဲ့ မြန်မာ့နိုင်ငံရေး လေ့လာသူတစ်ဦးရဲ့ မှတ်ချက်ကို နားထောင်ရဖူးပါတယ်။ Sean Turnell ပါဝင်တဲ့ Myanmar Development Institute (MDI) ဆိုတာ နိုင်ငံတကာ ဖွံ့ဖြိုးရေး အမေရိကန်အေဂျင်စီ(USAID)ကနေ ထောက်ပံ့ထားတဲ့အဖွဲ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံအပေါ်မှာ လွှမ်းမိုးထားတဲ့ ကွန်ရက်ကြီးဟာ အတော်ကို ကြီးပါတယ်။ Sean Turnell ဟာ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ အမြဲလိုလို အတူရှိနေတတ်သူ ဖြစ်ပါတယ်။ သူ့အနားမှာလည်း ဂျော့ဆိုးရော့စ်ရဲ့ Open Society နဲ့ National Endowment for Democracy (NED)ကလူတွေ ဝိုင်းရံနေကြပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာ့နိုင်ငံရေး ယန္တရားကို ထောင့်ပေါင်းစုံကနေ သွယ်ဝိုက်ပြီး ထိန်းချုပ်ထားတာမျိုးလို့တောင် ဆိုနိုင်ပါတယ်။ အဲဒီအချိန်က မြန်မာဆိုတာ ရှေ့မှာ မျက်နှာစာတစ်ခုသာ ရှိပြီးတော့ ကိုလိုနီပြုခံထားရတဲ့ အုပ်ချုပ်ရေးမျိုး ဖြစ်နေတာမျိုးပါ။

*စာမျက်နှာ ၇ သို့*

❖ **ကိုလိုနီပြုခဲ့ဖူးတဲ့ နိုင်ငံတွေဟာ သူတို့ရဲ့ လက်အောက်ခံနိုင်ငံတွေကို မတတ်သာလို့ စွန့်လွှတ်ရပေမယ့် သူတို့အကျိုးစီးပွားအတွက် ဆက်ပြီးအသုံးတော်ခံနိုင်ဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးစားနေကြတာတွေ့ရ**

❖ **အချုပ်အခြာအာဏာဆိုတာ အမျိုးသားအကျိုးစီးပွားကိုလိုလားတဲ့ နိုင်ငံသားစစ်စစ်တွေရဲ့ လက်ထဲမှာ ရှိနေဖို့ လိုအပ်ပါတယ်။ အချုပ်အခြာအာဏာ ငါးနှစ်လောက် ဆုံးရှုံးသွားတာတောင် ပေးဆပ်ရတဲ့ အရင်းအနှီးဟာ အဆမတန်ကြီးလွန်းပါတယ်။ နိုင်ဂျာမှာရော ဘယ်လောက်ကြာကြာ အချုပ်အခြာအာဏာဆုံးရှုံးသွားခဲ့ရတာလဲ**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

ဟိုပုံး ဩဂုတ် ၅

**ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ (ဟိုပုံး) ကျောင်းအုပ်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့သည် ဩဂုတ် ၅ ရက် နံနက် ၈ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ လွယ်အွန့်ကျေးရွာအုပ်စု ညောင်ဖြူကျေးရွာတွင် ဦးကျော်စိုး မွေးမြူထားသော အသားတိုးဝက်ကောင်ရေ ၂၀၀ မွေးထားသည့် ခြံ၊ ဥစားကြက်ခြံ၊ မီးမလွတ် ကြက်သားပေါက်ခြံနှင့် အစာစပ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်သူ ခွန်ဇော်ဌေး စိုက်ပျိုးထားသော SR-456 မျိုး စိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှုပြီး တောင်သူများအား ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ပေါင်လင်းကျေးရွာအုပ်စု ဟဲလုံကျေးရွာ၊ ဟိုပုံး-ဆီဆိုင် သွားကားလမ်းဘေးတွင် တောင်သူဦးတရှုပ်မှ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော (5923) မျိုး၊ အစေ့ထုတ်ပြောင်းခြံအား သွားရောက်ကြည့်ရှုကြပြီး ပြောင်းစိုက် တောင်သူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်၍ ဟိုပုံးမြို့တောင်ရပ်ကွက်ရှိ နောင်ဘိုရေကန်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ရေကန်သည် ပြည်သူများက သုံးရေအဖြစ် အသုံးပြုကြသည့် ကန်ဖြစ်သည်။

၎င်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးတွင် နှစ်ပတ် တစ်ကြိမ် ဟိုပုံးတပ်နယ်မှ ဝန်ထမ်းများအတွက် ကြက်သား၊ ကြက်ဥ၊ ဝက်သား၊ နွားနို့၊ ဒိန်ချဉ်၊ ဟင်းသီးဟင်းရွက်နှင့် အသားစည်သွတ်ဘူး၊ တပ်မတော်အသုံးအဆောင်ပစ္စည်းများ ရောင်းချပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



# မိုးရာသီဈေးရောင်းပွဲတော် ဒုတိယနေ့ဆက်လက်ရောင်းချ၊ စားသုံးဆီအရောင်းဆိုင်များတွင် လာရောက်ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်တွင် ကျင်းပလျက်ရှိသည့် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ် ကုန်ပစ္စည်းရောင်းချခြင်းနှင့် လျှပ်စစ်ကား(EV)ပြပွဲ ဒုတိယနေ့အဖြစ် ဩဂုတ် ၅ ရက်တွင် ဆက်လက်ကျင်းပရာ ဈေးလာရောက်ဝယ်ယူသူများ၊ ဖျော်ဖြေပွဲသို့ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။



အဆိုပါ ဈေးရောင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန် (၂၉) ဇုန်မှထွက်ရှိသည့် အိမ်သုံးပစ္စည်းများ၊ စိုက်ပျိုးရေးပစ္စည်းများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၏ စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သဘာဝမြေသြဇာနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ စက်မှုထုတ်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ဒေသထွက်ကုန်ပစ္စည်းများ၊ သမဝါယမအသင်းများ၏ အရောင်းပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အရောင်းပြခန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ထုတ်ကုန်အရောင်းဆိုင်ခန်းများတွင် ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယင်းအပြင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက သက်သာသော ဈေးနှုန်းဖြင့် ဆီများ ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် ပိုမိုစည်ကားလျက်ရှိသည်။ **(ဝဲပုံ)**

အဆိုပါ မိုးရာသီဈေးရောင်းပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်၊တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဈေးရောင်းပွဲတော်သို့ လှည့်ပတ်ကြည့်ရှု၍ ဈေးရောင်းသူ၊ ဝယ်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်းသိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

**ဓာတ်ပုံ - အောင်မြင့်(ပြန်/ဆက်)**

## ပုသိမ်ကြီးမြို့နယ်၌ မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာအုပ်စု ရေထွက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၈၀) စက်မှုလယ်ယာစခန်းမှ ကွင်းအမှတ်(၄၉၈) တောင်သူ ဦးဝင်းမြင့်၏ လယ်မြေ သုံးဧကတွင် ယနေ့နံနက် ၉ နာရီက ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြပွဲ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ကောက်စိုက်စက်အား အသုံးပြုခြင်းကြောင့် တောင်သူများ အနေဖြင့် လုပ်သားရှားပါးမှုကို လျှော့ချနိုင်ခြင်း၊ ပျိုးသက်ငယ်ဖြင့် စိုက်ပျိုးနိုင်ခြင်း၊ ကောက်ပင်လှန်ရက် စောင့်ဆိုင်းရန် မလိုအပ်ခြင်းတို့ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထင်ထံမှ သိရသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မြင့်နှင့် ဝန်ထမ်းများ၊ ရေထွက်ကျေးရွာနှင့် အနီးဝန်းကျင်မှ တောင်သူများ တက်ရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဇာနည်ကိုကို(ပြန်/ဆက်)**



*စာမျက်နှာ ၆ မှ*

တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံထားတဲ့ ၇ ဒသမ ၅ ဘီလီယံတန်ဖိုးရှိတဲ့ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းမျိုးဆိုရင် Sean Turnell အလွန်စိတ်ဝင်စားပါတယ်။ ဘာကြောင့် သူက ဒီလိုစီမံကိန်းမျိုးကို အထူးစိတ်ဝင်စားရသလဲဆိုတာ ပထဝီနိုင်ငံရေးကို တစေ့တစောင်းလေ့လာဖူးသူတိုင်း အလွယ်သိနိုင်တဲ့ကိစ္စမျိုး ဖြစ်ပါတယ်။ မြန်မာပြည်သူတွေ အုပ်ချုပ်နေတာမျိုးထက် တစ်ဆင့်ခံ အုပ်ချုပ်နေတာမျိုးလို့တောင် ဆိုရမလို ဖြစ်နေပါတယ်။

Sean Turnell ဟာ ၂၀၁၆ ခုနှစ်ကနေစပြီးတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်းရဲ့ အထူးစီးပွားရေးအတိုင်ပင်ခံအနေနဲ့ ဆောင်ရွက်လာခဲ့တာဆိုတော့ ငါးနှစ်လောက် မြန်မာ့စီးပွားရေး အချက်အလက်တွေကို ထိတွေ့မွှေနှောက်ခွင့်ရခဲ့သူ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးဝင်ငွေ အများဆုံး ရှာပေးနေတာ ဘယ်ကဏ္ဍကဆိုတာ သူက သိပါတယ်။ မြန်မာ့စီးပွားရေးရဲ့ ဝင်ပေါက် ထွက်ပေါက်တွေ၊ Key sectors တွေကို သူက ကောင်းကောင်းသိနေသူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘယ်ဘဏ်ကိုပိတ်ပါ၊ ဘာလုပ်ပါဆိုတာကို ဟိုပြည်ပြေးအစိုးရဆီကို အကြံပေးဆိုပြီး ဆရာကြီး လုပ်နေတာ ဖြစ်ပါတယ်။

ပြန်ကြည့်မယ်ဆိုရင် အဲဒီအချိန်က မြန်မာ့အချုပ်အခြာအာဏာဆိုတာ မြန်မာစစ်စစ်တွေရဲ့လက်ထဲမှာ ရှိခဲ့ရဲ့လားဆိုတာ မေးခွန်းထုတ်စရာ ဖြစ်ခဲ့ပါတယ်။ စီးပွားရေးအကြံပေးဆိုသူ Sean Turnell က ဘယ်ရှုထောင့်ကနေ စဉ်းစားမလဲ။ မြန်မာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားရှုထောင့်ကနေ စဉ်းစားပါ့မလား။ သူလည်း သူ့နောက်မှာ လက်မည်းကြီးရှိနေသေးတာ မဟုတ်လား။ အဲဒီအချိန်က သူ့ကို စီးပွားရေးအကြံပေးခန့်ခဲ့သူတွေက သူ့ကို တစ်လ ဒေါ်လာတစ်သိန်းပေးထားရင် လက်မည်းကြီးက သူ့ကို တစ်လ ဒေါ်လာဆယ်သိန်း ပေးနေကြမှာ မဟုတ်လား။ အဲဒီတော့ Sean Turnell ကလည်း ဘာကို အဓိကကြည့်ပြီး ဘယ်လို အကြံဉာဏ်တွေ ပေးနေမလဲဆိုတာ သာမန်စဉ်းစားဉာဏ်ရှိသူတောင် သိနေနိုင်တာပါပဲ။ ထီးကျိုးစည်ပေါက်ခြင်းရဲ့ အကျိုးဆက်တွေဟာ နိုင်ငံတော်နဲ့ ပြည်သူတွေပဲ ခံစားကြရတာပဲ မဟုတ်ပါလား။

**အာဏာကို မက်မောလို့ မဟုတ်ဘူး**

ဒါကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို ရယူတယ်ဆိုတိုင်း အာဏာကို မက်မောလို့ မဟုတ်ဘူးဆိုတာ ဒီနေ့ နိုင်ဂျာနိုင်ငံရေးဖြစ်စဉ်ကိုပဲကြည့်ကြည့်၊ မြန်မာ့နိုင်ငံရေး ဖြစ်စဉ်ကိုပဲ ကြည့်ကြည့်သိနိုင်ပါတယ်။ ဒီနေ့ကမ္ဘာမှာ တစ်နိုင်ငံတည်း ထီးထီးနေလို့မရဘူးဆိုတာ အရပ်ဘက်ခေါင်းဆောင်တွေရော၊ တပ်မတော်ခေါင်းဆောင်တွေရော သိကြပါတယ်။ နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံရမယ်၊ အပြန်အလှန် လေ့လာသင်ယူရမယ်၊ ကုန်သွယ်ရမယ်ဆိုတာလည်း သိကြပါတယ်။ ဒါပေမယ့် အမေရိကန်သမ္မတဟောင်းဒေါ်နယ်ထရန့် ကြွေးကြော်ခဲ့တဲ့ American first ဆိုတာလိုပဲ အမျိုးသားအကျိုးစီးပွားနဲ့ ပတ်သက်လာရင် Myanmar First, Niger First ဆိုတာမျိုးက ဖြစ်နေရမှာပဲ မဟုတ်လား။ နိုင်ငံတော်လုံခြုံရေးလို့ ဆိုရာမှာ နိုင်ငံသားများ လုံခြုံရေး၊ စီးပွားရေးအရ လုံခြုံရေးနဲ့ အင်စတီကျူးရှင်းတွေ လုံခြုံရေးအပါအဝင် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် နေထိုင်နိုင်ရေးအတွက် ကာကွယ်ရေးနဲ့ လုံခြုံရေးကို ဆောင်ရွက်တာဖြစ်တယ်လို့ အဓိပ္ပာယ် ဖွင့်ဆိုကြတာ ဖြစ်ပါတယ်။ တချို့ကလည်း စွမ်းအင်လုံခြုံရေး၊ သတင်းအချက်အလက် လုံခြုံရေးတွေလည်း ပါတယ်လို့ ဖွင့်ဆိုကြပါတယ်။ ဟိုတလောကပဲ အိန္ဒိယနိုင်ငံမှာ ပြည်ပကို ဆန်တင်ပို့မှု ကန့်သတ်လိုက်တယ်ဆိုတဲ့ သတင်းတွေ ဖတ်လိုက်ရတယ်။ အိန္ဒိယဝန်ကြီးချုပ်ကလည်း အိန္ဒိယပြည်သူတွေဟာ ပထမဦးစားပေးပါလို့ ပြောသွားတာ မှတ်သားစရာပါ။

နိုင်ဂျာနိုင်ငံဖြစ်စဉ်ကို ကြည့်မယ်ဆိုရင် နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာကို ရယူလိုက်တယ်။ သမ္မတကို ထိန်းသိမ်းလိုက်တယ်။ အဲဒီအတွက် အနောက်နိုင်ငံတွေအပါအဝင် နိုင်ငံတချို့က ပြစ်တင်ရှုတ်ချတယ်။ ဖမ်းဆီးထားသူတွေ ခြွင်းချက်မရှိ ပြန်လွှတ်ပေးပြီး အာဏာပြန်အပ်ဖို့ ပြောတယ်။ နောက်ကွယ်ကိုကြည့်ရင် အဲဒီလောက် မရိုးရှင်းပါဘူး။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကိစ္စ ဖြစ်တယ်။

အချုပ်အခြာအာဏာဆိုတာ အမျိုးသားအကျိုးစီးပွားကို လိုလားတဲ့ နိုင်ငံသားစစ်စစ်တွေရဲ့ လက်ထဲမှာရှိနေဖို့ လိုအပ်ပါတယ်။ အချုပ်အခြာအာဏာငါးနှစ်လောက် ဆုံးရှုံးသွားတာတောင် ပေးဆပ်ရတဲ့ အရင်းအနှီးဟာ အဆမတန် ကြီးလွန်းပါတယ်။ နိုင်ဂျာမှာရော ဘယ်လောက်ကြာကြာ အချုပ်အခြာအာဏာ ဆုံးရှုံးသွားခဲ့ရတာလဲ။

အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ဖို့က ပါဝင်ပတ်သက်ကြတဲ့ stakeholders တွေမှာ တာဝန်ရှိသလို နိုင်ငံသားတစ်ဦးချင်းစီမှာလည်း တာဝန်ရှိပါတယ်။ ။

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှု ကြည့်ရှုအားပေး

မုံရွာ ဩဂုတ် ၅

မြစ်ချောင်းများအတွင်းသို့ စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်ခြင်း မပြုဘဲ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ ရေအားလျှပ်စစ်၊ ရေကြောင်းလမ်းသယ်ယူပို့ဆောင်ရေး၊ ရေထုညစ်ညမ်းမှုနှင့် အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုအား ကာကွယ်တားဆီးနိုင်စေရန် ရည်ရွယ်၍ ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် ကွေ့ကြီးရပ်ကွက်ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ကြည့်ရှုအားပေးသည်။



အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်း အင်အား ၃၀၀၀ ကျော်ဖြင့် ဘုန်းတော်ကြီးကျောင်းများနှင့် မြို့သန့်ရှင်းသပ်ရပ်သာယာရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုကြီးတွင် စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်နှင့် ထုတ်လုပ်ရောင်းချသူများအသင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းနှင့် အသား၊ ငါး၊ ကြက်ဥမွေးမြူထုတ်လုပ်ရောင်းချသူများအသင်းတို့ ပူးပေါင်း၍ ပြည်သူများ အခြေခံ စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ရောင်းချပေးနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ (အပေါ်ဝဲပုံ)

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြောင်းမြမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပုသိမ် ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယမန်နေ့ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မြောင်းမြမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြောင်းမြမြို့ရှိ ပိုင်ရှင်ဦးဆန်းလင်းအောင်၏ အသားစားကြက် ကောင်ရေ ၁၇၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး **(ယာပုံ)** မွေးမြူထုတ်လုပ်မှု စာရင်းဇယားများ စနစ်တကျ မှတ်သားဆောင်ရွက်စေရေးနှင့် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရေး မှာကြားခဲ့ပြီး မွေးမြူရေးလုပ်ငန်းသုံး ခြံဖျန်းပိုးသတ်ဆေးများ ပံ့ပိုးပေးခဲ့သည်။

ဆက်လက်၍ မြောင်းမြမြို့နယ် ကံကြီးကျေးရွာ တောင်သူ ဦးမိုးဝင်း၏ လယ်မြေတွင် ပြုလုပ်သည့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို တက်ရောက်၍ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ခရိုင်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ချောင်းဆုံမြို့နယ်၌ ဓာတ်မြေဩဇာ ၁၂၀၄ အိတ် ဖြန့်ဖြူးပေး

ချောင်းဆုံ ဩဂုတ် ၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ၂၀၂၃ -၂၀၂၄ ခုနှစ် မိုးစပါးသီးနှံစိုက်ပျိုးမှုနှင့် မျိုးစေ့ထုတ်စိုက်ပျိုးရေးကဏ္ဍများတွင် လုပ်ကိုင်သည့်တောင်သူများအဆင်ပြေစေရန်အတွက် ယနေ့ နံနက်ပိုင်းက ကျေးရွာ ၂၂ ရွာမှ တောင်သူ ၃၂၀ ဦးအား ယူရီးယားဓာတ်မြေဩဇာ ၈၀၃ အိတ်နှင့် ရွှေဇီဝသဘာဝမြေဩဇာ ၄၀၁ အိတ် စုစုပေါင်း ၁၂၀၄ အိတ်ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် (ပထမ)အကြိမ် ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးသည်။

ချောင်းဆုံမြို့နယ်တွင် ဇူလိုင်လကုန်အထိ မိုးစပါးစိုက်ပျိုးဧက ၆၁၈၂၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ မျိုးစေ့ထုတ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ကွက်၊ စမ်းသပ်ကွက်များ စိုက်ပျိုးပြီးစီးသည့် စပါးသီးနှံများ အထွက်နှုန်းကောင်းမွန်စေရန် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀ နှင့် ရွှေဇီဝ သဘာဝမြေဩဇာတစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀ နှုန်းတို့ဖြင့် ဖြန့်ဖြူးပေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ (ခေတ္တဥက္ကဋ္ဌ)နှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သူဇာ(ပြန်/ဆက်)





## အုတ်တွင်းမြို့နယ် အ.ထ.က ကျွဲပွဲ၌ လူငယ်စကားဝိုင်းကျင်းပ

အုတ်တွင်း ဩဂုတ် ၅

**ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကို ယမန်နေ့နံနက်ပိုင်းက အုတ်တွင်းမြို့နယ် အ.ထ.က ကျွဲပွဲ၌ ကျင်းပသည်။ (အပေါ်ပုံ)**

ဦးစွာ လူငယ်စကားဝိုင်းတွင် အ.ထ.က ကျွဲပွဲကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူ ကိုးဦးက လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် အလေ့အကျင့်၊ လူငယ်နှင့် အဆုံးအမ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများကလည်း စကားဝိုင်း၏ ခေါင်းစဉ်အလိုက် သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခြင်း၊ ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်ခဲ့ပြီး ပါဝင်ဆွေးနွေးသော ကျောင်းသား ကျောင်းသူ ကိုးဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အေမင်းရည်စော
(ပြန်/ဆက်)

## တံတားဦးမြို့နယ်၌ စပါးအစေ့ချစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ

တံတားဦး ဩဂုတ် ၅

တံတားဦးမြို့နယ် အမှတ်(၂၃) စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းပြီး ပြူကန်ကျေးရွာတွင် စပါးအစေ့ချစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကွင်းအမှတ်(၁၃၄၀) ပြူကန်ကွင်း တောင်သူ ဦးဝင်းချိုလယ်၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် တံတားဦးမြို့နယ် အမှတ်(၂၃) စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးတင့်ဇော်က စပါးအစေ့ချစက်ဖြင့် စိုက်ပျိုးရာတွင် မျိုးစေ့များ နေ၊ ရေ၊ လေ အာဟာရမျှတစွာ စားသုံးရခြင်း၊ မျိုးစပါးအစေ့ချစက်ဖြင့် စိုက်ပျိုးထားသောစပါးခင်းကို ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူ ရိတ်သိမ်းခြွေလှေ့နိုင်ခြင်းတို့ကို ရည်ရွယ်၍ စိုက်ပျိုးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြခြင်းကို တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ၊ ဒေသခံတောင်သူများက မိုးစပါးအစေ့ချစက်ဖြင့် စိုက်ပျိုးခြင်းကို ကြည့်ရှုလေ့လာအားပေးကြပြီး **(အောက်ပုံ)** တောင်သူများ သိရှိလိုသည်များကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မိုင်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်



**နေပြည်တော် ဩဂုတ် ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန် ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်လည်အလင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လှည်းကူးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၁၄ ဦးတို့သည် ၎င်းတို့နှင့် အတူပါလာသည့် ၉ မမ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၉ မမ ကျည်အတောင့် ၂၀၊ RPG တစ်လက်၊ ဒုံးသီး တစ်လုံးနှင့် ပို့ကျည်တစ်တောင့်တို့ကို အပ်နှံကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူပြီး (ဝဲပုံ) ၉ မမ ပစ္စတိုဖြင့် အလင်းဝင်ရောက်လာသူ ၁ ဦးအား ဆုကြေးငွေသိန်းကျပ် ၂၀၊ RPG ဖြင့် အလင်းဝင်ရောက်လာသူ ၁ ဦးအား ဆုကြေးငွေကျပ် ၇၅ သိန်းနှင့် အလင်းဝင်ရောက်လာသူ ၁၄ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်း၊ စုစုပေါင်းငွေကျပ်သိန်း ၁၁၀ ၊ ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ အလင်းဝင်ရောက်လာသူများက လက်ခံရယူကြသည်။ ယင်းနောက် အလင်းဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန် ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများအား ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ မိုင်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ်လ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Rumba James Rumba” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်း စိန်ဂေဟာကုန်တိုက်နေ စံထက်ကျော်အား ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Hla Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၇) ရပ်ကွက်နေ လှထွန်းအား မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Tin Ko Ko Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ ရပ်ကွက်နေ တင်ကိုကိုလွင်အား ည ၁၀ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်၏ လုပ်ငန်းဆောင်ရွက်မှုများ

မိုး(အလရ)

နိုင်ငံ့လုပ်သားထု၏ ဘဝအရည်အသွေးမြင့်တက်စေရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်သည် အရေးပါသည့်ကိစ္စရပ်တစ်ခုအနေဖြင့် ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်သည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံအတွင်း သို့မဟုတ် လုပ်ငန်းခွင်အတွင်း အကောင်အထည်ဖော်သည့်နေရာတွင် အခြားသူများ၏ အောင်မြင်ခဲ့သည့် အလေ့အကျင့်ကောင်းများကို လေ့လာအတုယူပြီး မိမိနိုင်ငံအခြေအနေ (သို့မဟုတ်) မိမိလုပ်ငန်းခွင်အခြေအနေနှင့် ကိုက်ညီသည့်ပုံစံသို့ ပြောင်းလဲကျင့်သုံး၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ထိရောက်မှုရှိသည့် နည်းလမ်းတစ်ခုဖြစ်သည်။




(၂၃)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကျင်းပစဉ်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အနေဖြင့်လည်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး လိုက်နာဆောင်ရွက်သင့်သည့် မူဘောင်များ၊ နည်းလမ်းများကို ပြဋ္ဌာန်းချက် (Conventions) များ၊ လမ်းညွှန်ချက်များအဖြစ် ထုတ်ပြန်ပေးသည့်အပြင် ကမ္ဘာ့နိုင်ငံများအကြား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အတွေ့အကြုံများ၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်ကာလ အခြေအနေများအရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနယ်ပယ်တွင် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုများကို နိုင်ငံအချင်းချင်း မျှဝေဖလှယ်နိုင်ရန် ဆွေးနွေးပွဲများ၊ ညီလာခံများ ကျင်းပပြုလုပ်လျက်ရှိပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလေ့အကျင့်ကောင်းများမျှဝေနိုင်ရေး ဒေသတွင်းနိုင်ငံများ၊ လုပ်ငန်းနယ်ပယ်တူသည့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်လေ့ ရှိကြသည်။

### ASEAN-OSHNET ဖြစ်ပေါ်လာပုံ

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင်လည်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အတွေ့အကြုံများ မျှဝေနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရေးအဖွဲ့တစ်ခု ထူထောင်ရန် ၁၉၈၄ ခုနှစ်တွင် ILO က ကျင်းပခဲ့သည့် ဆွေးနွေးပွဲတစ်ခုမှ အစပြုခဲ့သည်ဟု ဆိုရပေမည်။ အဆိုပါဆွေးနွေးပွဲတွင် ဒေသတွင်းလုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်အခြေအနေ တိုးတက်စေရေးအတွက် သင်တန်းနှင့် သုတေသနလုပ်ငန်းများ စီမံခြင်းနှင့် သတင်းအချက်အလက်များ စုဆောင်းနိုင်စေရေး ဒေသတွင်းအဖွဲ့တစ်ခု ထူထောင်သင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့မှုကို ၁၉၈၄ ခုနှစ် အောက်တိုဘာလမှာ ကျင်းပခဲ့သည့် ပထမအကြိမ်မြောက် အာဆီယံအလုပ်သမားရေးရာ နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် သဘောတူခဲ့ပြီး (၅) ကြိမ်မြောက် အလုပ်သမားဝန်ကြီးများ အစည်းအဝေးမှာလည်း အတည်ပြုခဲ့ကြသည်။

အဆိုပါ အကြံပြုချက်ကို အကောင်အထည်ဖော်နိုင်ဖို့ အခွင့်အရေးတစ်ရပ်အနေဖြင့် ၁၉၉၅ ခုနှစ်တွင် United Nations Development Programme (UNDP) က လုပ်ငန်းခွင် အခြေအနေ တိုးတက်စေရေးနှင့်ပတ်သက်၍ အာဆီယံလေ့ကျင့်သင်ကြားရေးစင်တာ (သို့မဟုတ်) ကွန်ရက် တစ်ခုထူထောင်ရာတွင် ကူညီပံ့ပိုးလိုကြောင်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ဆက်သွယ်လာသည့်အတွက် အာဆီယံနိုင်ငံများမှ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆောင်ရွက်နေသည့် ဌာန၊ အဖွဲ့များကို ဖိတ်ကြား၍ ၁၉၉၆ ခုနှစ် အောက်တိုဘာလတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ကွန်ရက်တစ်ခု ထူထောင်ရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

၂၀၀၀ ပြည့်နှစ်တွင် အာဆီယံနိုင်ငံများမှ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆောင်ရွက်နေသည့် ဌာန၊ အဖွဲ့များ၏ ခေါင်းဆောင်များက နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုး၍ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက် (ASEAN Occupational Safety and Health Network – ASEAN-OSHNET) ကို ဖွဲ့စည်းထူထောင်ခဲ့ပါသည်။ ASEAN-OSHNET အဖွဲ့ကြီးသည် ကုန်ထုတ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်သားထု ပေါ်ပေါက်လာစေရန် အန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်ဖန်တီးပေးရေး ထိရောက်သည့် ကွန်ရက်တစ်ခုဖြစ်စေရေး မျှော်မှန်းချက်ဖြင့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့ဖြစ်ပါသည်။

ASEAN-OSHNET သည် အာဆီယံအသိုက်အဝန်း၏ မဏ္ဍိုင်သုံးခုအနက်မှ တစ်ခုဖြစ်သည့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း (ASEAN Socio-Cultural Community- ASCC) ၏ လုပ်ငန်းနယ်ပယ်အောက်တွင် အကျုံးဝင်ပါသည်။ အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးကွန်ရက်အနေဖြင့် ဆုံးဖြတ်ချက်အစီရင်ခံစာကို အဆင့်မြင့်အလုပ်သမားအရာရှိကြီးများ အစည်းအဝေး (Senior Labour Officers' Meeting – SLOM) သို့ တင်ပြအတည်ပြုချက် ရယူရပါသည်။ အဆင့်မြင့်အလုပ်သမားအရာရှိကြီးများ အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေး (ASEAN Labour Ministers' Meeting – ALMM) သို့ လည်းကောင်း၊ အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို အာဆီယံထိပ်သီးအစည်းအဝေး (ASEAN Summit Meeting) သို့ လည်းကောင်း အဆင့်ဆင့်ပေးပို့တင်ပြပြီး ဆုံးဖြတ်ချက်ရယူဆောင်ရွက်ကြရသည်။

### ASEAN-OSHNET ညှိနှိုင်းရေးအဖွဲ့နှင့် အတွင်းရေးမှူးချုပ် အခန်းကဏ္ဍ

ASEAN-OSHNET ညှိနှိုင်းရေးအဖွဲ့အနေဖြင့် မူဝါဒဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ငန်းအစီအစဉ် ညှိနှိုင်းချမှတ်ခြင်းနှင့် ASEAN-OSHNET အတွင်းရေးမှူးချုပ် ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ ASEAN-OSHNET အတွင်းရေးမှူးချုပ်အနေဖြင့် ASEAN-OSHNET ညှိနှိုင်းရေးအဖွဲ့၏ စီမံခန့်ခွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ထောက်ပံ့ပေးခြင်း၊ ချမှတ်ထားသည့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

ပထမအကြိမ် ASEAN-OSHNET ညှိနှိုင်းရေး အဖွဲ့အစည်းအဝေး (Coordinating Board Meeting – CBM) ကို ၂၀၀၀ ပြည့်နှစ် ဩဂုတ်လတွင် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့ပါသည်။ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ASEAN-OSHNET ၏ ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံများ၏ သံရုံးကိုယ်စားလှယ်များ၊ ILO (ဂျကာတာရုံးခွဲ)တို့ တက်ရောက်၍ ဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတိုးတက်စေရန် ကနဦးခြေလှမ်းကို အစပြုခဲ့ကြပါသည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ ASEAN-OSHNET ညှိနှိုင်းရေးအဖွဲ့၏ အစည်းအဝေးကို သုံးနှစ်ဆက်တိုက် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခဲ့ပြီးနောက် အဖွဲ့ဝင်နိုင်ငံများက အက္ခရာစဉ်အလိုက် အိမ်ရှင်အဖြစ် အလှည့်ကျ ဦးဆောင်ကျင်းပလျက်ရှိပါသည်။ ထို့ပြင် ASEAN-OSHNET အတွင်းရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များကို အဖွဲ့ဝင်နိုင်ငံက သုံးနှစ်လျှင် တစ်ကြိမ် အလှည့်ကျတာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။

### ASEAN-OSHNET လုပ်ငန်းကဏ္ဍများ

အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက် တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အာဆီယံနိုင်ငံများရှိ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက် ဖလှယ်ရေးကဏ္ဍ၊ လေ့ကျင့်ပညာပေးရေးကဏ္ဍ၊

စာမျက်နှာ ၁၁ သို့

- ■ ကမ္ဘာ့နိုင်ငံများအကြား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အတွေ့အကြုံများ၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်ကာလအခြေအနေများအရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနယ်ပယ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်နေ
- ■ ASEAN-OSHNET အဖွဲ့ကြီးသည် ကုန်ထုတ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်သားထုပေါ်ပေါက်လာစေရန် အန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ဖန်တီးပေးရေး ထိရောက်သည့် ကွန်ရက်တစ်ခုဖြစ်စေရေး မျှော်မှန်းချက်ဖြင့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

# ကချင်ပြည်နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူ ၁၁၆၉ ဦးအတွက် ငွေကျပ် ၁၁၉၂ သန်းတန်ဖိုးရှိ သွင်းအားစုများနှင့် လယ်ယာသုံးစက်ကိရိယာများထောက်ပံ့

မြစ်ကြီးနား သြဂုတ် ၅

**ကချင်ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေးနှင့် မိုးစပါးတစ်ဧကအထွက်နှုန်း တိုးပွားရေးအတွက် မိုးစပါး စိုက်တောင်သူ ၁၁၆၉ ဦးတို့အတွက် သွင်းအားစုများပေးအပ်ခြင်းနှင့် စံပြကျေးရွာများသို့ လယ်ယာသုံး စက်ကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကို သြဂုတ် ၄ ရက်က ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။**



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တောင်သူများအတွက် ထောက်ပံ့ပေးအပ်သည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်သမဝါယမ ဦးစီးဌာနမှူး ဒေါ်ချောစုလှိုင်က သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးစီမံဆောင်ရွက်လျက် ရှိသည့်အခြေအနေများကိုရှင်းလင်း တင်ပြပြီး ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးဌေးလွင်က ခရိုင် များအတွက် ပေးအပ်သွားမည့် စပါးမျိုးစေ့ချ ကိရိယာအသုံးပြု စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ မတည်ထောက်ပံ့ငွေနှင့် ပြည်နယ် ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဆောင်ရွက် သော မြို့နယ်ပေါင်း ခြောက်မြို့ နယ်မှ မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းပေါင်း ၂၈ သင်း ရှိ အသင်းသားတောင်သူ ၁၁၆၉ ဦးတို့အတွက် တစ်ကေအထွက် နှုန်း တိုးစေရေးတစ်ကေလျှင် ငွေကျပ် နှစ်သိန်းနှင့် ညီမျှသော သွင်းအားစုများ စုစုပေါင်း တန်ဖိုး ငွေကျပ်သိန်း ၁၀၀၀၊ မိုးကောင်း မြို့နယ်၊ နန့်လှိုင်ခေတ်မီစံပြ ကျေးရွာ၊ မိုးညှင်းမြို့နယ် ဟဲလုံ ခေတ်မီစံပြကျေးရွာ၊ တနိုင်းမြို့ နယ် မိုင်းခွန်ခေတ်မီစံပြကျေးရွာ၊ ပူတာအိုမြို့နယ် မူလာအွန် ခေတ်မီစံပြကျေးရွာ၊ ဝိုင်းမော် မြို့နယ် ဒဘတ်ယန်ခေတ်မီစံပြ ကျေးရွာများအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံ ငွေဖြင့် လယ်ယာဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် ၁၃၆ သန်း တန်ဖိုးရှိ လယ်ယာသုံး စက်ကိရိယာ ခြောက်စီးနှင့် စိုက်ပျိုးရေးဦးစီး ဌာနမှ မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ ပူတာအိုခရိုင်တို့အတွက် တန်ဖိုးငွေကျပ် ၅၆သန်းတန်ဖိုးရှိ စပါးမျိုးစေ့ချကိရိယာ ၁၆၀ လက် တို့ဖြင့် စုစုပေါင်းသွင်းအားစုနှင့် စက်ကိရိယာ တန်ဖိုးငွေကျပ် ၁၁၉၂ သန်းကို ပံ့ပိုးပေးအပ် ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

# ဘားအံမြို့၌ သံလွင်မြစ်ရေကြီးမှုကြောင့် ပြည်သူ ၁၀၀၀ ကျော်အား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထား

ဘားအံ သြဂုတ် ၅



ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်မြစ်ရေသည် ယနေ့နံနက် ပိုင်းက စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက် ၈၂၄ စင်တီ မီတာသို့ရောက်ရှိနေပြီး အနိမ့်ပိုင်း ရပ်ကွက်အချို့၌ နေအိမ်များ ရေနစ်မြုပ်လျက်ရှိရာ အဆိုပါ ရေကြီးမှုကြောင့် ရေဘေးသင့် အိမ်ထောင်စု ၂၁၄စု၊ အမျိုးသား ၅၂၈ ဦး၊ အမျိုးသမီး ၅၄၀စုစုပေါင်း လူဦးရေ ၁၀၆၈ ဦးတို့အား ခရိုင်၊ မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များနှင့် မီးသတ် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မိုးလုံ လေလုံအားကစားရုံ၊သဘာဝဘေး ကာကွယ်ရေး ဘက်စုံသုံးခန်းမ၊ ကြားတောရ ဘုန်းတော်ကြီး ကျောင်း၊ ရွှေယာဉ်မျှော်ဘုရားများ တွင် ဖွင့်လှစ်ထားသည့် ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းများ သို့ ပြောင်းရွှေ့ပေးခြင်းများ ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူ များအား ကရင်ပြည်နယ်အစိုးရ အဖွဲ့မှ ဆန်နှင့်ဆီများ၊ ပြည်နယ် သဘာဝဘေးခန့်ခွဲရေးဦးစီးဌာနမှ ဆန်နှင့် ခေါက်ဆွဲခြောက်များ၊ ဘားအံမြို့နယ် ဘာသာပေါင်းစုံ ညီညွတ်ရေးအသင်းမှ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များထောက်ပံ့ပေး ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ရေဘေးသင့်ပြည်သူ များအား ကျန်းမာရေးစောင့်ရှောက် မှုများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သုံးခွမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအားထောက်ပံ့

သုံးခွ သြဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ထုံးကြီးကျေးရွာအုပ်စုမှ လေဘေး သင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခြင်း အခမ်း အနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သြဂုတ် ၄ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင် နှင့် အဖွဲ့ဝင်များ၊ တောင်ပိုင်းခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံထူးတို့က ထုံးကြီးကျေးရွာ အုပ်စုအတွင်း သဘာဝဘေးသင့်အိမ်ထောင်စု ၁၁ စု၊ လူဦးရေ ၄၀ တို့ အတွက် ၁၇ မျိုးပါ ကယ်ဆယ်ရေးပစ္စည်းပုံး ငါးပုံး၊ ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၈၆၄၀၀၀ ကို ထောက်ပံ့ပေးအပ် သည်။

ထို့ပြင် မြို့နယ်ကြက်ခြေနီအသင်း ဒုဥက္ကဋ္ဌ ဦးညဏ်ထွန်းနှင့် တပ်ဖွဲ့ ဝင်များကလည်း သဘာဝဘေးသင့် အိမ်ထောင်စု ၁၅ စုအတွက် Family Kit ၁၅ ပုံး၊ Dignity Kit ခြောက်ခု၊ Hygiene Parcel ၁၅ ဖာနှင့် Shelter Tool Kit ခြောက်ခုတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုကျော် (သုံးခွ)

*စာမျက်နှာ ၁၀ မှ*

သုတေသနပြုရေးကဏ္ဍ၊ စံနှုန်းများသတ်မှတ်ရေး ကဏ္ဍနှင့် စက်ရုံ၊ အလုပ်ရုံ စစ်ဆေးရေးကဏ္ဍ၊ အမျိုးသားအဆင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာမူဘောင် ကဏ္ဍ၊ အသေးစား၊ အလတ်စားနှင့် သမားရိုးကျ မဟုတ်သည့် လုပ်ငန်းကဏ္ဍဟူ၍ ကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်းများကို အဖွဲ့ဝင်နိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏ လူ့စွမ်းအား၊ ငွေကြေးအင်အားနှင့် နည်းပညာဆိုင်ရာ အခြေအနေပေါ်မူတည်ပြီး နိုင်ငံအလိုက် တာဝန်ယူဆောင်ရွက်မည့် ငါးနှစ် လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းဆုံးဖြတ်ကြပါ သည်။ **ASEAN-OSHNET ၏ လုပ်ငန်းဆောင်ရွက် ချက်များကို** https://asean-osh.net **တွင် လေ့လာနိုင်ပါသည်။**

### ASEAN-OSHNET ညီလာခံ

ASEAN-OSHNET အနေဖြင့် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ဆွေးနွေးဖလှယ်ခြင်းသာမက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အခြားအဖွဲ့အစည်း များနှင့် အတွေ့အကြုံများကို မျှဝေနိုင်ရန်အတွက် ၂၀၁၅ ခုနှစ်မှစ၍ ASEAN-OSHNET ညီလာခံကို ကျင်းပခဲ့ကြသည်။ ထိုညီလာခံတွင် ASEAN-OSHNET အဖွဲ့ဝင်နိုင်ငံများအပြင် နိုင်ငံတကာ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နေသည့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆုရရှိသည့် ကုမ္ပဏီများ တက်ရောက်ကြပြီး တိုးတက်ပြောင်းလဲ နေသည့် နည်းပညာရပ်များ၊ စီးပွားရေးလုပ်ငန်းများ ပေါ် မူတည်၍ ကျင့်သုံးဆောင်ရွက်နေသည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အတွေ့အကြုံများကို ဆွေးနွေး ဖလှယ်ကြပါသည်။

### ASEAN-OSHNET အဖွဲ့တွင် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်ချက်များ

မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၀၀ ပြည့်နှစ် သြဂုတ်လတွင် ASEAN-OSHNET ၏ အဖွဲ့ဝင်နိုင်ငံ အဖြစ် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ လက်မှတ်ရေးထိုးခဲ့ပါသည်။ ASEAN - OSHNET ၏ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများရှိ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဦးစီးဌာနနှင့် အဖွဲ့များက တာဝန်ယူဆောင်ရွက် လျက်ရှိသကဲ့သို့ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံ နှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသည် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ASEAN-OSHNET ၏လုပ်ငန်းအစီအစဉ်များအား တာဝန်ယူဆောင်ရွက် လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ASEAN-OSHNET ၏ လုပ်ငန်းအစီအစဉ်များတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တာဝန်ယူဆောင်ရွက် ရမည့် လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက် ခြင်းနှင့် အကြံပြုခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ASEAN – OSHNET အဖွဲ့ဝင်နိုင်ငံများက သုံးနှစ် လျှင် တစ်ကြိမ် အလှည့်ကျထမ်းဆောင်ရသည့် ASEAN – OSHNET အတွင်းရေးမှူးချုပ်ရုံး တာဝန် များကို အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်တွင် စင်ကာပူနိုင်ငံ လူ့စွမ်းအားရင်းမြစ် ဝန်ကြီးဌာနထံမှ လက်ခံရယူခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ ပါသည်။ ASEAN-OSHNET အတွင်းရေးမှူးချုပ်ရုံး တာဝန်ကို ၂၀၂၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနသို့ စနစ်တကျ လွှဲပြောင်း ပေးခဲ့ပြီး လက်ရှိအချိန်တွင် ထိုင်းနိုင်ငံက တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

ASEAN – OSHNET ညှိနှိုင်းရေးမှူးအဖွဲ့အစည်း အဝေးကို အဖွဲ့ဝင်နိုင်ငံများက အက္ခရာစဉ်အလိုက် အိမ်ရှင်အဖြစ် အလှည့်ကျ တာဝန်ယူကျင်းပ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် သတ္တမအကြိမ်မြောက် ASEAN – OSHNET ညှိနှိုင်း ရေးမှူးအဖွဲ့ အစည်းအဝေးကို ၂၀၀၆ ခုနှစ်တွင် လည်းကောင်း၊ (၁၄) ကြိမ်မြောက် ASEAN – OSHNET ညှိနှိုင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ၂၀၁၃ ခုနှစ်တွင်လည်းကောင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါသည်။ ထို့ပြင် ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားနေမှု အခြေအနေများကြောင့် မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် ဦးဆောင် ကျင်းပရမည့် (၂၃) ကြိမ်မြောက် ASEAN – OSHNET ညှိနှိုင်းရေးမှူးအဖွဲ့ အစည်းအဝေး၊ (၉) ကြိမ်မြောက် ASEAN-OSHNET ညီလာခံနှင့် (၄) ကြိမ်မြောက် ASEAN – OSHNET ဆုချီးမြှင့်ပွဲ အခမ်းအနားတို့ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့တို့တွင် Virtual နည်းလမ်းဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

လက်ရှိအချိန်တွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီး ဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် ASEAN-OSHNET ၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက် ရှိပြီး ASEAN-OSHNET ၏လုပ်ငန်းအစီအစဉ်များအရ ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးလျက် ရှိပါသည်။

ASEAN – OSHNET တွင် ပါဝင်ဆောင်ရွက်၍ အာဆီယံနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း များ၏ အတွေ့အကြုံများအား လေ့လာပြီး မိမိ နိုင်ငံနှင့် ကိုက်ညီသည့် အလေ့အကျင့်ကောင်း များကို အသုံးချ၍ မြန်မာနိုင်ငံ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ ။

## ပုဗ္ဗသီရိမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း အခမဲ့ဖွင့်လှစ်

ပုဗ္ဗသီရိ ဩဂုတ် ၅

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေအမျိုးသမီးများ အသက်မွေးဝမ်းကျောင်း အထောက်အကူဖြစ်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်းကို ဇူလိုင် ၄ ရက်က သပြေတန်း ကျေးရွာ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းဦးက အမှာစကား ပြောကြားပြီး သင်တန်းနည်းပြ ဆရာမများက သင်တန်းတွင်ပို့ချမည့် အခြေခံစက်ချုပ်နည်း ဘာသာရပ်များကို ရှင်းလင်းဆွေးနွေးကာ ဇေယျာသီရိခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးနှင့် တာဝန်ရှိသူများက သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ သပြေတန်းကျေးရွာ၊ ကြို့ပင်တာကျေးရွာ၊ ငွေလျှံကုန်းကျေးရွာနှင့် ရန်အောင်ကျေးရွာတို့မှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြ ဆရာမနှစ်ဦးက စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် စက်တင်ဘာ ၇ ရက်အထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**



## လပွတ္တာမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

လပွတ္တာ ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့၏ကြီးကြပ်မှုဖြင့် လပွတ္တာမြို့နယ်အတွင်းရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ရပ်ကွက်များ၌ သန့်ရှင်းသာယာလှပစေရန်အတွက် ဌာနဆိုင်ရာများ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများစုပေါင်း၍ ဩဂုတ် ၅ ရက်က သန့်ရှင်းရေးဆောင်ရွက်သည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့် ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှတာဝန်ရှိသူများ စုစုပေါင်းအင်အား ၅၀၀ ခန့်ဖြင့် မြို့ပေါ်ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ရပ်ကွက်များတွင် ချုံနွယ်များသစ်ကိုင်းများ ရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်း၊ ရှင်းလင်းပြီးအမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျစွန့်ပစ်ခြင်းများကို စုပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ ကျေးရွာအုပ်စု ၆၅ အုပ်စုရှိကျေးရွာများတွင်လည်း အုပ်ချုပ်ရေးမှူးများ ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မြိတ်ခရိုင်အတွင်း ကိုဗစ်-၁၉ ချေးငွေပြန်လည်ပေးဆပ်ခြင်းဆိုင်ရာများ ဆွေးနွေး

မြိတ် ဩဂုတ် ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ကိုဗစ်-၁၉ ချေးငွေရယူထားသော လုပ်ငန်းရှင်များ ချေးငွေပြန်လည်ပေးဆပ်ခြင်းနှင့် လုပ်ငန်းဆိုင်ရာဆွေးနွေးခြင်းကို ဩဂုတ် ၅ ရက်က မြိတ်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာအစည်းအဝေးခန်းမ၌ ပြုလုပ်ပြီး တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် မြိတ်ခရိုင်ရှိ ကိုဗစ်-၁၉ ချေးငွေရယူထားသောလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



ဆွေးနွေးရာတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်ရပ်တန့်မှုမျိုး မဖြစ်စေဘဲ MSME လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပြီး ကိုဗစ်-၁၉ ချေးငွေများကို အတိုး တစ်ရာခိုင်နှုန်း၊ ပြန်ဆပ်ကာလ တစ်နှစ် ချေးငွေစနစ်ဖြင့် နိုင်ငံတော်မှ ထုတ်ပေးခဲ့ပြီးနောက် MSME လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ချေးငွေပြန်ဆပ်မှုကာလကို ပထမတစ်နှစ်မှ ဒုတိယနှစ်၊ တတိယနှစ်အထိ တိုးမြှင့်ပေးခဲ့ပြီး စီးပွားရေးလုပ်ငန်းများ ဟန်ချက်ညီစွာဖြင့် လုပ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထိုနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ကိုဗစ်-၁၉ ချေးငွေဆိုင်ရာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စီးပွားရေးလုပ်ငန်းရှင်များက ကိုဗစ်ချေးငွေပြန်လည်ပေးဆပ်ရာတွင် အရစ်ကျစနစ်ဖြင့် ပြန်လည်ပေးဆပ်လိုမှု၊ ချေးငွေပြန်ဆပ်မှုကာလ တစ်နှစ်တိုးမြှင့်ပေးစေလိုမှုနှင့် စီးပွားရေးလုပ်ငန်းအခက်အခဲများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ဖြည့်စွက်ဆွေးနွေးကာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းခဲ့သည်။

ဆွေးနွေးပွဲသို့ SME လုပ်ငန်းရှင်များ၊ စိုက်ပျိုးမွေးမြူရေးနှင့် ရေထွက်ပစ္စည်းလုပ်ငန်းရှင်များ၊ နဝလီလက်ခစားလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး မြိတ်ခရိုင်အတွင်း၌ ကိုဗစ်-၁၉ ချေးငွေရယူထားသည့် စီးပွားရေးလုပ်ငန်းရှင် ၈၉ ဦး ရှိကာ ချေးယူငွေပမာဏမှာ ကျပ် ၃၁၇၃ သန်းဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

## လှိုင်းဘွဲ့မြို့နယ်၌ ရပ်ကွက်နှင့်ကျေးရွာများတွင် ရေဝင်ရောက်မှုများဖြစ်ပွား၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

လှိုင်းဘွဲ့ ဩဂုတ် ၅

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းပြီး ကြာအင်းချောင်းမှတစ်ဆင့် တောင်ကျချောင်းများ စီးဆင်းလာမှုနှင့် လှိုင်းဘွဲ့ချောင်းရေ မြင့်တက်လာမှုတို့ကြောင့် လှိုင်းဘွဲ့မြို့ပေါ် မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ပြီး ပြည်သူများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်းနှင့်အဖွဲ့ဝင်များ၊ စစ်ဗျူဟာ(အခြေချ)လှိုင်းဘွဲ့မှ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှူးသိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအသင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်နေပြီး မြေနိမ့်ပိုင်းရပ်ကွက်များရှိ ရေဝင်ရောက်သောနေအိမ်များမှ ပြည်သူများအား လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၊ ဆိုင်ကလုန်းစင်တာနေရာများသို့ ယာယီပြောင်းရွှေ့ပေးထားကြောင်း၊ လှိုင်းဘွဲ့မြို့နယ်အတွင်း ရွှေဂွန်း၊ ကော့မြတ်ကြီး၊ ဆင်ကူးကမ်းနား၊ ထန်တော၊ ဒေါ်လန်း၊ ကဇိုင်း၊ အပျိုကုန်းကျေးရွာများစသည့်ကျေးရွာအချို့တွင်လည်း ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လင်းသန့်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်အတွင်း စည်ပင်သာယာဈေးများ၌ LED မီးသီးများ လဲလှယ်တပ်ဆင်

ပွင့်ဖြူ ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့မဈေးနှင့် ရှောက်တောကျေးရွာရှိ ကျေးလက်စည်ပင်သာယာဈေးတို့တွင် ဈေးလုံခြုံမှုရှိစေရန်နှင့် ဈေးသူဈေးသားများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန်အတွက် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဈေးကော်မတီအဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး ဈေးအတွင်း အပြင်ရှိ ပျက်စီးနေသော လျှပ်စစ်မီးသီးများကို LED မီးသီးများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်မီးလိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူ မြို့မစည်ပင်သာယာဈေးနှင့် ရှောက်တောကျေးရွာကျေးလက်စည်ပင်သာယာဈေးမှ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများက ဈေးကော်မတီ အဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်ခန်းများတွင် မီးဘေးလုံခြုံစိတ်ချရမှု ရှိ မရှိနှင့် ဈေးလုံခြုံမှု ရှိ မရှိ ကြည့်ရှုစစ်ဆေးကာ မီးဘေးလုံခြုံရေးအတွက် တပ်ဆင် အသုံးပြုထားသည့် လျှပ်စစ်မီးသီးများ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသည့်နေရာတွင် LED မီးသီးများဖြင့် လဲလှယ်တပ်ဆင်ခြင်း၊ လျော့ကျနေသည့် ဓာတ်အားလိုင်းကြိုးများကို ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခြင်းဖြစ်သည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့မစည်ပင်သာယာရေးဈေးကြီး အပါအဝင် စည်ပင်သာယာရေးအဖွဲ့နယ်နိမိတ်အတွင်းရှိ ကျေးလက်စည်ပင်သာယာဈေးများ မီးဘေးလုံခြုံရေး၊ သန့်ရှင်းသာယာလှပရေးနှင့် လုံခြုံရေးအတွက် ဈေးကော်မတီများနှင့်ပူးပေါင်းပြီး ညစဉ်ကြပ်မတ်စစ်ဆေးခြင်း၊ ဈေးသူဈေးသားများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် အပတ်စဉ် ဈေးသန့်ရှင်းရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိဦးလင်းမင်းညွန့်ထံမှ သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



# ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အင်မရန်ခန်း ထောင်ဒဏ်သုံးနှစ်ချမှတ်ခံရ

**အစ္စလာမ္မာဘတ် ဩဂုတ် ၅**

ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အင်မရန်ခန်းကို ပြည်တွင်းတရားရုံးတစ်ရုံးက ဩဂုတ် ၅ ရက်တွင် ထောင်ဒဏ်သုံးနှစ် ချမှတ်ခဲ့သည်ဟု သိရသည်။ ၎င်း၏ဘဏ္ဍာရေးဆိုင်ရာပိုင်ဆိုင်မှုများကို ဖုံးကွယ်ထားမှုဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အစိုးရလက်ဆောင်ပစ္စည်းများကို တရားမဝင်ရောင်းချမှုနှင့်ပတ်သက်ပြီး ယခင်အာဏာရပါတီ ပီတီအိုင်၏ ဥက္ကဋ္ဌဖြစ်သူ အင်မရန်ခန်းကို ထောင်ဒဏ်ချမှတ်ခြင်းဖြစ်ကြောင်း ပြည်တွင်းတရားရုံးမှ တရားသူကြီးက ကြေညာခဲ့သည်။

တရားရုံးဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို နောက်ပိုင်းတွင် မျှဝေပေးသွားမည်ဟု တရားသူကြီးက ပြောသည်။ ထို့ပြင် အင်မရန်ခန်းကို ရူပီး ၁၀၀၀၀၀ ဒဏ်ရိုက်ခဲ့သည်။ အဆိုပါ ဒဏ်ကြေးငွေကို မပေးဆောင်ပါက နောက်ထပ် ထောင်ဒဏ် ခြောက်လကျခံရမည်ဟု သိရသည်။

အင်မရန်ခန်းကို ဖမ်းဆီးရန်အတွက်လည်း တရားရုံးက အမိန့်ထုတ်ခဲ့သည်။ တရားရုံး စီရင်ချက်ချစဉ်က ဝန်ကြီးချုပ်ဟောင်း အင်မရန်ခန်းမှာ တရားရုံးတွင် မရှိပေ။ ခန်းမှာ လာဟိုးမြို့အရှေ့ပိုင်း ၎င်း၏နေအိမ်၌ရှိနေပြီး ဖမ်းဆီးရန် ရဲများက နေအိမ်ကို ပိတ်ဆို့ထားကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြကြသည်။

ဆင်ဟွာ



ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အင်မရန်ခန်း။



# ဟူပေးပြည်နယ် ဘောင်ဒင်းမြို့၌ တိုင်ဖွန်းဒေါ့ဆူရီမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ၁၀ ဦး သေဆုံးပြီး ၁၈ ဦးပျောက်ဆုံးနေ

**ရှီရှားကျွမ်း ဩဂုတ် ၅**

တရုတ်နိုင်ငံမြောက်ပိုင်း ဟူပေးပြည်နယ် ဘောင်ဒင်းမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၀ ဦး သေဆုံးကာ ၁၈ ဦး ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဩဂုတ် ၅ ရက်တွင် ပြောသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက တိုင်ဖွန်းဒေါ့ဆူရီမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ပျမ်းမျှမိုးရေချိန် ၃၅၁ ဒသမ ၁ မီလီမီတာရှိသည့်အတွက် ဘောင်ဒင်းမြို့တစ်ဝန်း ရေကြီးရေလျှံမှု ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဩဂုတ် ၅ ရက် နံနက် ၁၂ နာရီအထိ ဘောင်ဒင်းမြို့တွင် ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၁ ဒသမ ၁ သန်းကျော် ရေဘေးသင့်ခဲ့ပြီး လူပေါင်း ၆၂၇၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း ရေကြီးရေလျှံမှု ထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားမှု လျော့ပါးရေးဌာနချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ ရေကြီးရေလျှံမှုက ကောက်ပဲသီးနှံ ၇၉၀၀၀ ဟက်တာကို ပျက်စီးဆုံးရှုံးမှုဖြစ်ပွားစေခဲ့သည့်အပြင် စုစုပေါင်းနေအိမ် ၄၄၄၈ လုံး ပြိုကျကာ ၇၂၈၆ လုံး ဆိုးဆိုးရွားရွားပျက်စီးစေခဲ့ကြောင်း သိရသည်။

အစောပိုင်းရက်များအတွင်း ပြင်ပနှင့် အဆက်အသွယ်ပြတ်တောက်နေခဲ့သော ရေဘေးသင့်ကျေးရွာများမှာ အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုကြောင့် ဆက်သွယ်မှုပြန်လည်ရရှိပြီဖြစ်ကာ သောက်သုံးရေ၊ အစားအစာနှင့် ဆေးဝါးကဲ့သို့သော ထောက်ပံ့ပစ္စည်းများကို အဆိုပါ ရေဘေးသင့်ဒေသများသို့ ဖြန့်ဝေပေးနိုင်ခဲ့သည်။ လက်ရှိတွင် သဘာဝဘေးကြောင့် ပျက်စီးမှုဖြစ်ပွားခဲ့သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးစသော အခြေခံအဆောက်အအုံများကို ပြန်လည်ပြုပြင်ရန် ကြိုးစားလုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ အက်ထရာခန်ပြည်နယ်၌ မြေပြိုမှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသူ သုံးဦးကို ပြန်လည်တွေ့ရှိ

**နယူးဒေလီ ဩဂုတ် ၅**

အိန္ဒိယနိုင်ငံမြောက်ပိုင်း အက်ထရာခန်ပြည်နယ်၌ ပြင်းထန်သည့် မြေပြိုမှုအပျက်အစီးများကြားမှ သေဆုံးသူသုံးဦးကို ပြန်လည်တွေ့ရှိခဲ့ကြောင်း ဩဂုတ် ၅ ရက်တွင် အာဏာပိုင်များက ပြောကြားသည်။

ဒေ့ရာဒွန်း၏ အရှေ့မြောက်ဘက် ၂၄၅ ကီလိုမီတာခန့်အကွာ ရူဒရာပရာယဂ်ခရိုင် ဂေါရီခွန်းအနီးတွင် ဩဂုတ် ၃ ရက် ညက မိုးအဆက်မပြတ်ရွာသွန်းပြီးနောက် ရုတ်တရက်ရေကြီးမှုဖြစ်ပွားခြင်းကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။။

အနီးနားရှိ တောင်ကုန်းများမှ မြေကြီးများနှင့် ကျောက်တုံးများ ပြိုကျခဲ့ပြီး အောက်ရှိဈေးဆိုင်အများအပြားမျောပါသွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အမျိုးသားသဘာဝဘေး တုံ့ပြန်ရေးအဖွဲ့ (အင်န်ဒီအာအက်ဖ်) နှင့် ပြည်နယ်သဘာဝဘေး တုံ့ပြန်ရေးအဖွဲ့ (အက်စ်ဒီအာအက်ဖ်)၊ ရဲတပ်ဖွဲ့နှင့် ဒေသတွင်းအုပ်ချုပ်ရေးအဖွဲ့များက အခင်းဖြစ်ပွားရာနေရာ၌ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရာရှိတစ်ဦးက ပြောကြားသည်။

ဆင်ဟွာ



# အီသီယိုးပီးယား၌ မငြိမ်သက်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူ ၁၂၀၀၀ အထိရှိ

**အဒစ္စအဘာဘာ ဩဂုတ် ၅**

အီသီယိုးပီးယားနိုင်ငံ အနောက်ပိုင်း ဂမ်ဘီလာဒေသ၌ မငြိမ်သက်မှုများကြောင့် လူပေါင်း ၁၂၀၀၀ ထက်မနည်း နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်ဟု ကုလသမဂ္ဂအေဂျင်စီက ဩဂုတ် ၄ ရက်တွင် ပြောသည်။

အီသီယိုးပီးယား နိုင်ငံ၏ အခြေအနေ အစီရင်ခံစာတွင် လူပေါင်း ၁၂၀၀၀ မှာ ဂမ်ဘီလာဒေသ မငြိမ်သက်မှုကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ဖော်ပြထားသည်။

၂၀၂၃ ခုနှစ် မေလမှစတင်ကာ ဂမ်ဘီလာဒေသတွင် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် လုံခြုံရေးမငြိမ်သက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ဂမ်ဘီလာမြို့နှင့် အခြားသောဒေသများတွင် သေကျေပျက်စီးမှုများ ပေါ်ပေါက်ခဲ့သည်။ နေရပ်စွန့်ခွာလာသူများအတွက် ခိုလှုံနေထိုင်ရန် ယာယီတဲများ၊ အသက်ငါးနှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များ အတွက် လိုအပ်သည့် အာဟာရဖြည့်စွက်စာများ၊ အမျိုးသမီးငယ်များအတွက် လိုအပ်သည့်ပစ္စည်းများ အစရှိသည်တို့ လိုအပ်လျက်ရှိသည်။

မကြာသေးမီ နှစ်များအတွင်းကလည်း ဂမ်ဘီလာဒေသ၌ လူမျိုးစုအုပ်စုများ ကြောက်မက်ဖွယ်တိုက်ပွဲများဖြစ်ပွားပြီး လူပေါင်းများစွာ နေရပ်စွန့်ခွာ ထွက်ပြေးကြရသည်။ အဆိုပါ တိုက်ပွဲများမှာ အာဏာနှင့် လယ်ယာမြေအရင်းအမြစ်များ ရရှိရေးအတွက် ဖြစ်ပေါ်လာသည့် တိုက်ပွဲများဖြစ်ကြသည်။ **ဆင်ဟွာ**

# အစ္စရေးနှင့် ပါလက်စတိုင်းတိုက်ပွဲအတွင်း ပါလက်စတိုင်းနှစ်ဦး ထပ်မံသေဆုံး

**ရာမာလာ ဩဂုတ် ၅**

အနောက်ဘက်ကမ်း၌ ဩဂုတ် ၄ ရက်က သီးခြားဖြစ်ရပ်နှစ်ခုအတွင်း အစ္စရေးနှင့် တိုက်ပွဲဖြစ်ပွားသဖြင့် ပါလက်စတိုင်းနှစ်ဦး သေဆုံးကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နာဗလပ်အနောက်မြောက်ပိုင်း ဘူကာကျေးရွာ၌ တိုက်ပွဲအတွင်း အစ္စရေးရွှေ့ပြောင်းနေထိုင်သူများက ပစ်ခတ်သဖြင့် အသက် ၁၉ နှစ်အရွယ် ကူဆိုင်မာတန်သေဆုံးခဲ့ပြီး အခြားပါလက်စတိုင်း နှစ်ဦးလည်း ဒဏ်ရာရရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုတွင် ပြောသည်။

ဒါဇင်နှင့်ချီသည့် ပါလက်စတိုင်းများနှင့် ကျေးရွာသို့ ဝင်ရောက်လာသည့် အစ္စရေးရွှေ့ပြောင်းနေထိုင်သူများအကြား တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ပါလက်စတိုင်း မျက်မြင်သက်သေများက ပြောကြားသည်။ အနောက်ဘက်ကမ်း မြောက်ဘက် တော့ကာရမ်မြို့အနီး နေ့ရှမ်းဒုက္ခသည်စခန်းတွင် တိုက်ပွဲများဖြစ်ပွားရာ အစ္စရေးစစ်သားများက ပစ်ခတ်သဖြင့် အသက် ၁၈ နှစ်အရွယ် မာမောက်အဘူဆာအန် သေဆုံးသွားကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဇန်နဝါရီ ၂၆ ရက်မှစကာ ပါလက်စတိုင်းတို့ တိုက်ခိုက်မှုကြောင့် အစ္စရေး ၂၆ ဦးသေဆုံးပြီး အစ္စရေးစစ်သားများနှင့် ရွှေ့ပြောင်းနေထိုင်သူများ သတ်ဖြတ်မှုကြောင့် ကလေးနှင့် အမျိုးသမီးများအပါအဝင် ပါလက်စတိုင်း ၂၀၀ ကျော်သေဆုံးခဲ့ကြောင်း တရားဝင်အချက်အလက်များက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

# ယခုနှစ် ပထမခြောက်လအတွင်း လာအိုသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု သိသိသာသာ မြင့်တက်လာ

**ဗီယင်ကျန်း ဩဂုတ် ၅**

ယခုနှစ် ပထမခြောက်လအတွင်း လာအိုနိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု ၁ ဒသမ ၆ သန်းကျော်ရှိသည့်အတွက် သိသိသာသာ မြင့်တက်လာကြောင်း သိရသည်။

လာအိုနိုင်ငံသို့ ဝင်ရောက်သော နိုင်ငံခြားခရီးသွားများအနက် ထိုင်းနိုင်ငံက ၆၆၈၅၉၅ ဦးဖြင့် အများဆုံးဖြစ်ပြီး ယင်းနောက်တွင် ဗီယက်နမ်က ၃၉၈၉၃၇ ဦးနှင့် တရုတ်နိုင်ငံက ၃၁၇၆၀၄ ဦးဖြင့် အများဆုံးဖြစ်သည်။ ခရီးသွားဗီဇာဖြင့် လာအိုနိုင်ငံသို့ ဝင်ရောက်သော နိုင်ငံခြားခရီးသွားဦးရေမှာ ပြီးခဲ့သည့်နှစ် ပထမခြောက်လတွင် ၄၂၁၉၇ ဦးသာရှိသည့်အတွက် ယခုနှစ်တွင် သိသိသာသာ တိုးလာခြင်းဖြစ်သည်။ လာအိုအစိုးရသည် နိုင်ငံ့စီးပွား ဦးမော့လာစေရေး ကြိုးပမ်းအားထုတ်ရာတွင် ခရီးသွားကဏ္ဍကို ဦးစားပေးအဖြစ် လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၅

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်းမိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ဝါတွင်းကာလအတွင်း ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော်နိုင်ရေးနှင့် တရားဘာဝနာများ အားထုတ်နိုင်ရေးတို့အတွက် ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်ရှိ မြို့နယ် သုံးမြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ် လေးမြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်ကိုးမြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြို့နယ် သုံးမြို့နယ်၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ် ငါးမြို့နယ်၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိမြို့နယ် ၄၅ မြို့နယ်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးရှိမြို့နယ် ၂၆ မြို့နယ်၌လည်းကောင်း၊ ရခိုင်ပြည်နယ်ရှိ မြို့နယ် ငါးမြို့နယ်၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ် ၁၄ မြို့နယ်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ် ၁၁ မြို့နယ်၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်၊ လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်း ရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သင်္ဂဲသာချောင်းတစ်လျှောက်၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## မိုင်းဆတ်မြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဩဂုတ် ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဩဂုတ် ၄ ရက်တွင် သက်ဆိုင်ရာနေရာများ၌ တွေ့ဆုံရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်




ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားများပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက မင်းကုန်းကျေးရွာရှိ နယ်မြေခံသင်တန်းကျောင်းခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆန်၊ ဆီ၊ ကြက်ဥ၊ စားသောက်ဖွယ်ရာပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ (ဓာတ်ပုံ) ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## SIM Card များ စနစ်တကျ မှန်ကန်စွာမှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ ရက်ပေါင်း(၃၀)အတွင်း မှန်ကန်စွာ ပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို(SMS)များ ပေးပို့သွားမည်ဖြစ်ပါသည်။ အသိပေးစာတို(SMS)များ ရရှိပြီး ရက်ပေါင်း (၃၀)အတွင်း နိုင်ငံသား စိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား One Way Block (အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှုရပ်ဆိုင်းခြင်း) ဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ One Way Block ဆောင်ရွက်ထားသည့်အချိန်မှစ၍ ရက်ပေါင်း (၉၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် လာရောက်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည် ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ အသုံးပြုနေသော ဆင်းကတ်များ ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

❖ *ကျောဖုံးမှ*

**နန့်ယင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

နန့်ယင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဩဂုတ် ၅

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူ အားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသောအီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့်ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၅

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၈-၂၀၂၃

ကျပ်/လီတာ

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၇ | ၂၁၄၂ |
| 95 Ron | ၂၁၇၅ | ၂၂၅၂ |
| HSD (500 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၈၂ |
| HSD (10 ppm) | ၂၄၀၅ | ၂၄၈၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# သာလီစွပါ ခညတီ

မောင်အောင်

**"ကိုအောင်ရေ ငါ့ညီသတင်းပျောက်နေလို့။ ဟိုတစ်နေ့ကမှ ရုပ်မြင်သံကြားသတင်းထဲမှာ မင်းစစ်တွေ ရောက်နေတာ သိရတယ်။ ငါ့ညီကတော့ တို့လယ်သမားမျိုးရိုး ပီသပါပေတယ်ကွာ။ ရောက်တဲ့နေရာမှာ လယ်ထဲဆင်းပြီး အလုပ်လုပ်။ တို့လယ်သမားတွေကို ရှင်းပြနေတာမြင်ရတော့ မင်းကို တို့အမျိုးလို့ ပြောရတာ အတော်လေးကို ကျေနပ်အားရမိတယ်ကွာ။"**

ကျွန်တော့်အစ်ကိုကြီး တယ်လီဖုန်း Viber မှ တစ်ဆင့် ပေးပို့လာသောစာကိုဖတ်၍ ကျွန်တော် အားရကျေနပ်နေပါသည်။

ကျွန်တော် စစ်တွေရောက်နေသည်မှာ သုံးပတ်ရှိသွားပါပြီ။ မိုခါမုန်တိုင်းကျေးဇူးကြောင့် ကျွန်တော်တို့ တစ်တွေ နေပြည်တော်ကိုပစ်ပြီး စစ်တွေကို လာခဲ့ကြရသည်။ ကျွန်တော်တို့မှာ မူလတာဝန်တွေရှိနေပါသည်။ သို့သော် မူလတာဝန်တွေထက် အရေးကြီးတာက စစ်တွေ။ ကျွန်တော်တို့၏ သွေးချင်းသားချင်း၊ တိုင်းရင်းသားများ နေထိုင်သည့် ရခိုင်ပြည်နယ်။

မိုခါမုန်တိုင်း မေလ ၁၄ ရက်နေ့က မြန်မာပြည်ထဲကို ဝင်ရောက်ခဲ့သည်။ စစ်တွေမြို့ကို ဖြတ်၍ ဝင်ရောက်ခြင်းဖြစ်သဖြင့် စစ်တွေမှာ အပျက်အစီး အများဆုံးဖြစ်သည်။ မိုခါမုန်တိုင်းပင် မစဲသေး၊ နောက်ဆက်တွဲလေးများ ရှိနေချိန်မှာပင် မေလ ၁၅ ရက်နေ့က နိုင်ငံတော်အကြီးအကဲ စစ်တွေကို ရောက်လာသည်။

**"အရေးကြီးတော့ သွေးနီး"** ခြင်းဖြစ်သည်။ တစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်။ မအားလပ်သည့်ကြားက စစ်တွေသို့ ရောက်လာခြင်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲနှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါလာခဲ့သည်။ ထောက်ပံ့ရေးပစ္စည်းများကလည်း တပ်မတော်လေယာဉ်ကြီးအပြည့်။

နိုင်ငံတော်အကြီးအကဲက အပျက်အစီးများကို လိုက်လံစစ်ဆေးသည်။ မိုခါမုန်တိုင်းဒဏ်သင့် သွေးသားရင်းခြာ ညီအစ်ကိုမောင်နှမများကို နွေးထွေးစွာ အားပေးသည်။ အသင့်ယူဆောင်လာသည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။ ကိုယ်ချင်းစာနာသည့် အမူအရာ၊ နွေးထွေးသည့် အပြုံးက ပြည်သူတို့ကို ကျေနပ်အားတက်စေသည်။ **"အမေ့တစ်သက်နှင့် တစ်ကိုယ် နိုင်ငံ့ခေါင်းဆောင် တစ်ယောက်က အခုလို လက်ဆွဲနှုတ်ဆက်ပြီး ရင်းရင်းနှီးနှီး အားပေးတာ တစ်ခါမှမခံရဖူးဘူး။ ဝမ်းသာလွန်းလို့ မျက်ရည်တောင်ကျမိတယ်။ မိုခါမုန်တိုင်းလာမယ်ဆိုပြီး အိမ်ကအဘိုးကြီး ကျောက်တော်သွားပြီး ရှောင်နေတာတောင် ပြန်မရောက်သေးဘူး။ နိုင်ငံ့ခေါင်းဆောင်က ရောက်လာတယ်လေ။"**

စစ်တွေမြို့ လောကာနန္ဒာဘုရားဝင်းကြီးအတွင်း သာသနာ့ဗိမာန်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများ ခိုနားရာစခန်းတွင် ရှိနေသည့် အသက် ၆၀ ကျော်အရွယ် ရခိုင်အမျိုးသမီးကြီး ဒေါ်မရင်က သူ၏ခံစားချက်ကို ဘကြီးအောင်တို့ကို ပြန်ပြောရင်း ဝမ်းသာလွန်း၍ မျက်ရည်များပင် ဝိုင်းနေရှာသည်။

### ပြည်သူတွေ အားမငယ်ကြဖို့

နိုင်ငံတော်အကြီးအကဲက ပြည်သူတွေ အားမငယ်ကြဖို့နှင့် စစ်တွေကို လက်ရှိအခြေအနေထက် ပိုပြီးသာအောင်၊ ပိုပြီးတိုးတက်အောင် လုပ်ပေးမည်ဟု ပြောခဲ့သည်။ ပြောသည့်အတိုင်းပင် ဒုတိယဝန်ကြီးချုပ်တစ်ဦး ဦးစီးစေပြီး စစ်တွေမြို့ကို ရှင်းလင်းရေး၊ ပြန်လည်ထူထောင်ရေးလုပ်စေသည်။ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၀၀၀ ကျော်ကို တပ်မတော်လေယာဉ်ကြီးများဖြင့် စစ်တွေမြို့သို့ ပို့ဆောင်စေ၍ အပျက်အစီးများကို ရှင်းလင်းစေသည်။ စားနပ်ရိက္ခာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့စေသည်။ တပ်မတော်ရေတပ်မှ ရေယာဉ်ကြီးများဖြင့် သွပ်၊ သစ်၊ သံ စသည့် တည်ဆောက်ရေးပစ္စည်းများ ပေးပို့ပေးသည်။



ပျိုးဗန်းဖြင့် ပျိုးထောင်မှုကို စိုက်ပျိုးရေးဦးစီးဌာနမှူးက ရှင်းလင်းပြောကြားစဉ်။

> ❒ **စုပေါင်းအားသည် အရာရာကို အောင်နိုင်သည်မှာ ယုံမှားသံသယရှိဖွယ် မဟုတ်ပါ။ "တကယ်ဖြစ်ချင် တကယ်လုပ်တော့ အဟုတ်ဖြစ်ခဲ့ပါပြီ။"**
>
> ❒ **တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် တောအရပ်ဒေသမှာ နေကြသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားပြီး အလုပ်လုပ်ကြသည်။ သည်လူတွေ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များအပေါ်တွင် မူတည်နေသည်**

သည်သို့ ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးမှုကြောင့် မိုခါမုန်တိုင်းမွှေပြီး ရက် ၄၀ အကြာ ဘကြီးအောင်တို့အဖွဲ့ စစ်တွေမြို့သို့ ရောက်သည့်အခါ စစ်တွေသည် အပျက်အစီးတွေ အတော်များများ ရှင်းလင်းပြီးဖြစ်နေသည်။ အမိုးလန်သွားသည့် အဆောက်အအုံအတော်များများတွင် သွပ်အပြာရောင်၊ အညိုရောင်များဖြင့် မိုးထားပြီးဖြစ်နေသည်။ သွပ်မိုးရန် မသင့်သေးသည့် ယာယီအဆောက်အအုံများတွင် တာရပတ်အပြာ၊ အစိမ်းများ မိုးထားသည်ကို တွေ့ရသည်။ နေပြည်တော်က လာခဲ့သည့် ဘကြီးအောင်တို့အဖွဲ့ စစ်တွေမြို့ကို လေယာဉ်ပေါ်မှကြည့်ရင်း **"မိုခါကို အန်တုရဲ စံပြုထိုက်သည့် ပြည်သူများ"**၏ စိတ်ဓာတ်ကို အထင်ကြီးမိသည်။ လုပ်အားကို လေးစားမိသည်။ ထင်ထားသည်ထက် အချိန်တိုအတွင်း ဆောင်ရွက်ထားရှိမှုများက အံ့မခန်း။ လေးစားဂုဏ်ယူစရာ။"

### ဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးတည်

ဘကြီးအောင်တို့အဖွဲ့တွင် ဒုတိယဝန်ကြီး ရှစ်ယောက်ပါသည်။ ရခိုင်ပြည်နယ် တည်ဆောက်ပြုပြင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးတည်ပြီး ဆောင်ရွက်ကြသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးက တာဝါတိုင်များထောင်၊ ဖုန်းလိုင်းများ အပြီးဆက်၍ဆွဲသည်။ လျှပ်စစ်အဖွဲ့က ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်ခံမြို့ တစ်မြို့ပြီး တစ်မြို့၊ တစ်ရွာပြီး တစ်ရွာ၊ လျှပ်စစ်မီး ပြန်လည်ရရှိအောင် ဆောင်ရွက်သည်။ ပြတ်ကျသွားသည့် မီးတိုင်များ နေရာတွင် မီးတိုင်အသစ်စိုက်သည်။ လျှပ်စစ်မီးကြိုးများ သွယ်တန်းသည်။ တစ်မြို့ပြီးတစ်မြို့၊ တစ်ရွာပြီး တစ်ရွာ မီးလင်းစေသည်။ တစ်နေ့တာတိုးတက်မှုကို ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့ကို အစီရင်ခံသည်။ ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့ကလည်း ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယဝန်ကြီးချုပ်ဦးဆောင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီသို့ အစီရင်ခံတင်ပြရသည်။ ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးက နေ့စဉ် မွန်းလွဲ ၃ နာရီတွင် ပြုလုပ်သည်။ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးက ညနေ ၅ နာရီတွင် ပြုလုပ်သည်။ ရောက်စက အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေး နေ့တိုင်းနီးပါးလုပ်သည်။ စနေ/တနင်္ဂနွေပင်မနား။ နောက်ပိုင်းတွင်ကား တစ်ပတ်လျှင် သုံးကြိမ်၊ လေးကြိမ်ကတော့ ပုံမှန်ရှိတတ်သည်။

ဘကြီးအောင်တို့အဖွဲ့ ကိုယ့်ဝန်ကြီးဌာနအလုပ်ကိုယ်လုပ်ကြသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်း၊ သိမ်၊ ဇရပ်အပါအဝင် သာသနိကအဆောက်အအုံများ၊ ပြုပြင်ရန်၊ ပြင်ဆင်ရန် ဆောင်ရွက်ရသည်။ ဤသာသနာရေးနှင့် ယဉ်ကျေးမှုအလုပ်၊ ပြုပြင်ပြင်ဆင်ရသည့် အလုပ်ကလည်း လွယ်မယောင်နှင့် ခက်သည်။ ဘုရား၊ စေတီများတွင် သက်ဆိုင်ရာ သံဃနာယက အဖွဲ့ရှိသည်။ ပြင်ဆင်လိုမှုကို သံဃနာယကအဖွဲ့သို့ လျှောက်ရသည်။ ဂေါပကအဖွဲ့နှင့် ညှိနှိုင်းရသည်။ မူရင်းဒါယကာ ဒါယိကာမများနှင့် ဆွေးနွေးရသည်။ သူတို့၏ သဘောတူညီချက်မရက ဘာမျှလုပ်၍မရ။ ပြုပြင်မည့်သူက ပြုပြင်ရန်အသင့် ဖြစ်နေသော်လည်း စပါးပေါ်မှ ထီးတော်တင်မည်ပြောသည်။ နွေပေါက်၍ ပွင့်လင်းရာသီရောက်မှ ဇရပ်ပြန်ပြီး မိုးမည်ပြောသည်။ သူတို့ဆန္ဒကို ဆန့်ကျင်၍မရ။ ဂေါပကအဖွဲ့၏ ဆန္ဒက အဓိကပါ။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လမ်းများ၊ တံတားများ ပြင်ဆင်ရသည်။ မိုခါကြောင့် လှိုင်းပုတ်ပြီး ကမ်းနားလမ်း မြေထိန်းနံရံပြိုကျသည်။ တချို့နေရာတွင် လမ်းတစ်ဝက်အထိပင် စားသွားသည်။ မိုးဦးကျဖြစ်၍ လှိုင်းလေကထန်သည်။ နေ့တိုင်း လှိုင်းပုတ်သည့်ဒဏ်ကြောင့် လမ်းကတစ်စတစ်စ ပဲ့ကျသည်။ မိုးထဲရေထဲ လူသားလုပ်အားဖြင့် စစ်တွေမြို့ ကမ်းနားလမ်းပြိုမကျရေး၊ ဆောင်ရွက်ရသည်ကလည်း ပြောရတာထက် လုပ်ရတာ ခက်လှသည်။ သည်ကြားထဲ စက်ယန္တရားပိုင်ဆိုင်သည့်ဌာနမို့ သစ်ပင်ရှင်းရာ အဆောက်အအုံဖျက်သိမ်းရာတွင် သူမပါလျှင် ဘယ်ဟာမှမပြီး။ အရေးပါအရာရောက်သည့် ဌာနကြီးတစ်ခုပင်။

### ကိုယ့်ပြည်နယ်အရေးပေမို့

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်း အတော့်ကို အလုပ်ရှုပ်သည်။ ကျောင်းပေါင်း ၁၅၃၈ ကျောင်း အမိုးလန်သည်။ ဗုန်းဗုန်းလဲပြိုကျသည်က ၃၉၃ လုံး၊ ဗုန်းဗုန်းလဲဟု သူကမပြောစေလို။ တစ်ရာရာခိုင်နှုန်းပျက်စီးသည်ဟုသာ သူက ပြောစေချင်သည်။ စာရေးသူကတော့ ဒေသသားတို့ပြောသည့်အတိုင်း ပြောပြခြင်းဖြစ်သည်။ မိုခါမုန်တိုင်းတိုက်တာက မေလ ၁၄ ရက်နေ့။ နိုင်ငံ့အကြီးအကဲရောက်တာက ၁၅ ရက်၊ ဇွန်လ ၁ ရက်နေ့ ကျောင်းတွေဖွင့်မည်။ ကျောင်းသားတွေ၊ တို့တိုင်းရင်းသားတွေ တစ်နိုင်ငံလုံးက ကျောင်းသူ ကျောင်းသားတွေ ကျောင်းတက်ချိန်မှာ သူတို့လည်းတက်စေချင်သည်။ ဒါကတော့ နိုင်ငံတော်အကြီးအကဲ၏ စေတနာ။ သည်တော့လည်း ပညာရေးဒုတိယဝန်ကြီး အားထည့်ရသည်။ နေ့မနား ညမအား ကြိုးစားရသည်။ သူသာမက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်း လိုအပ်သည့် သစ်ခွဲသားမှန်သမျှ နောက်မကျအောင် ဖြည့်ဆည်းပေးသည်။ ဝန်ကြီးဌာနအနေဖြင့် ယာယီသစ်ခွဲစင် ၁၀ လုံးထောင်သည်။ ပုဂ္ဂလိက သစ်စက် ၂၂ စက်ကို ညှိနှိုင်းသည်။ ဆွေးနွေးသည်။ အကူအညီတောင်းသည်။ ကိုယ့်ပြည်နယ်အရေးပေမို့ ပုဂ္ဂလိက သစ်စက်များကလည်း ကူညီသည်။

သည်သို့ဖြင့် စုပေါင်းအားသည် အရာရာကို အောင်နိုင်သည်မှာ ယုံမှားသံသယရှိဖွယ် မဟုတ်ပါ။ **"တကယ်ဖြစ်ချင် တကယ်လုပ်တော့ အဟုတ်ဖြစ်ခဲ့ပါပြီ။"** စာသင်ကျောင်း ၁၂၆၇ ကျောင်း အားလုံး ပြင်ဆင်ပြီး ဖြစ်ခဲ့သည်။ ဇွန် ၁ ရက် ကျောင်းဖွင့်နိုင်ရန် ယာယီကျောင်းဆောင် ၁၄၄ လုံး ထပ်မံဆောက်ခဲ့ရသည်။ တချို့ကျောင်းများ နှစ်ချိန်ခွဲ၍ တက်စေခြင်းဖြင့် ရခိုင်ပြည်နယ်မှ ကျောင်းသူ ကျောင်းသားများ ပညာရေးမနှောင့်နှေးစေရ။ အားလုံး ဇွန်လ ၁ ရက် ကျောင်းဖွင့်ချိန်မှာ စိတ်အေးချမ်းသာ ကျောင်းတက်နိုင်ကြပါသည်။ ဘကြီးအောင်တို့အဖွဲ့ ဇူလိုင် ၂၁ ရက် စစ်တွေမှ ပြန်လာချိန်တွင် ၁၂၆၇ ကျောင်း အားလုံးပြီးစီးပြီ၊ ကျောင်း ၂၇၀ က လက်စသတ်ရန် အနည်းငယ်စီသာကျန်ပါသည်။ တစ်ကျောင်းသာ နေရာရွေးနေ၍ ကျန်ရှိပါသည်။ သည်ကျောင်းများ ဆောက်လုပ်ရန်အတွက် နိုင်ငံတော်မှ သစ်တန် တစ်ထောင်ကျော် ပေးလှူခဲ့ပါသည်။ သွပ်အချပ်ကား မရေတွက်နိုင်ပါ။ အိမ်ရိုက်သံဖိုးနှင့် လုပ်အားခများကလည်း ပညာရေးဝန်ကြီးဌာန၏ ငွေစာရင်းမှသာ ကျခံရခြင်းဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**ထိုင်မနေကြပါ**

ဘကြီးအောင်တို့ ဒုတိယဝန်ကြီးအဖွဲ့ စစ်တွေတစ်မြို့တည်းတွင် ထိုင်မနေကြပါ။ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ စီစဉ်ပေးမှုဖြင့် မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းမြို့များသို့လည်း ရောက်ခဲ့သည်။ ဘကြီးအောင်ကိုတော့ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက သားငါးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် မိုခါမုန်တိုင်းဒဏ် မခံစားရသည့် တောင်ပိုင်းမြို့နယ်များသို့ စည်းရုံးအကောင်အထည်ဖော်ရန် စေလွှတ်သည်။ သို့ဖြစ်၍ ဘကြီးအောင် ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့်အတူ သံတွဲ၊ တောင်ကုတ်နှင့် ဂွမြို့နယ်များသို့ သွားခဲ့သည်။ ဒေသခံမွေးမြူရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရန် ဆွေးနွေးသည်။ မြန်မာတစ်ပြည်လုံးနီးပါး မြေရှိလျှင်အနည်းဆုံး နှစ်သီးစိုက်သည်။ သည်တော့ နှစ်ကြိမ်ဝင်ငွေရသည်။ နေပြည်တော်က တောင်သူများဆိုလျှင် သုံးသီးပင်စိုက်၍ သုံးကြိမ်ဝင်ငွေရနေသည်။ သို့ဖြစ်၍ ရခိုင်ကအမျိုးတွေကို နေပြည်တော်ကောင်စီနယ်မြေကတောင်သူတွေလို ဝင်ငွေတိုးစေလိုသည်။ ချမ်းသာစေလိုသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ကြပါ။ လိုအပ်တာ အကူအညီပေးပါမည်ဟု ဘကြီးအောင် ပြောခဲ့သည်။

တက်ရောက်လာခဲ့ကြသည့် စိုက်ပျိုးရေးသမား၊ မွေးမြူရေးသမားများ အားတက်သရော တင်ပြသည်။ ဆွေးနွေးကြသည်။ ဘကြီးအောင်တို့အဖွဲ့နှင့် တောင်သူလယ်သမား၊ မွေးမြူရေးသမားများ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး။ ခွဲခွာနေရာမှ ပြန်လည်ဆုံတွေ့ကြသည့် မိသားစုများပမာ။ အားပါးတရရှိလှသည်။ ဘကြီးအောင်က သာသာထိုးထိုးပြောလိုက်သေးသည်။ မိမိတို့ မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်သည် ပင်လယ်နှင့်ဆက်စပ်နေသည့် ကမ်းရိုးတန်းဒေသ။ အလားတူ တနင်္သာရီတိုင်းဒေသကြီးသည်လည်း ပင်လယ်နှင့် ဆက်စပ်နေသည့် ကမ်းရိုးတန်းဒေသ။သို့သော်လည်းတနင်္သာရီတိုင်းဒေသကြီးသည် ပိုမိုတိုးတက်သည်၊ ချမ်းသာသည်ဟု ဘကြီးအောင်ထင်သည်။ ရေလုပ်ငန်းစနစ်တကျဆောင်ရွက်ခြင်းကြောင့်၊ အအေးခန်းစက်ရုံများ တည်ထောင်ခြင်းကြောင့် ချမ်းသာသည်။ သို့ဖြစ်၍ ရခိုင်ပြည်နယ်ကိုလည်း တနင်္သာရီတိုင်းဒေသကြီးလို ချမ်းသာစေလိုသည်။ တနင်္သာရီတိုင်းဒေသကြီးသို့ သွားရောက်လေ့လာ လည်ပတ်လိုလျှင် ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ချိတ်ဆက်ဆောင်ရွက်ပါ။ ဘကြီးအောင်က အခမဲ့လိုက်ပါကူညီဆောင်ရွက်ပေးလိုသည်ဟုပင် ဆန္ဒပြုခဲ့သည်။

ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၏ လုပ်ဆောင်ချက်ကို ဆက်လက်တင်ပြလိုပါသည်။ မှတ်မှတ်ရရ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကြီးနှင့် ဘကြီးအောင်တို့အဖွဲ့ မြောက်ဦးခရီးစဉ်တွင် ကျောက်တော်မြို့နယ်သို့ ရောက်သည့်အခါ ထုံးစံအတိုင်း မြို့နယ်ခန်းမတွင် မြို့ခံလူထု၊ ရပ်မိရပ်ဖ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသမားများနှင့် တွေ့ဆုံပွဲလုပ်သည်။ ခန်းမအတွင်း နေရာယူသည့်အခါ ရှေ့တန်းထိုင်ခုံများတွင် ဝန်ကြီးဌာနအလိုက် စာတန်းကပ်ထားသည်။ နာမည်တိုနှင့်ဖြစ်သည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဆိုလျှင် ပို့ဆက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဆိုလျှင် သာယဉ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဆိုလျှင် စိုက်မွေးဆည်။ သည်နေရာမှာ ဘကြီးအောင်တို့ နေရာအသီးသီးယူပြီးချိန်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နေရာရှာမရသေး။ ခုံမှာကပ်ထားသည့်စာတွေဖတ်ရင်း နေရာရှာနေတုန်း။ သည်အချိန်တွင် နေရာချထားပေးသည့် ညှော်ကြိုမိန်းကလေးက "အဘက ပတ်ထိန်းကလား" အဘနေရာ ဒီမှာရှင့်ဟု ပြောလာသည်။ သည်တော့ ကာယကံရှင် ဒုတိယဝန်ကြီးရော၊ ကျွန်တော်တို့အဖွဲ့ပါ မပြုံးဘဲနှင့် ဝါးလုံးကွဲ မရယ်မိအောင် ကြိုးစားရင်း ပြုံးရုံသာ ပြုံးနေလိုက်မိပါသည်။



ပျားလည်ချောင်ရွာ၌ ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးသရုပ်ပြပုံ။

သည်ခရီးစဉ်တွင်ပါဝင်သည့် ဒုတိယဝန်ကြီးရှစ်ယောက်အနက် ကျန်နှစ်ယောက်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန(လူကယ်ပြန်) ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (စိုက်မွေးဆည်) ဒုတိယဝန်ကြီး ဘကြီးအောင်တို့ ဖြစ်ပါသည်။ လူကယ်ပြန် ဒုတိယဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ၏ အတွင်းရေးမှူးတာဝန် ယူထားသူပီပီ၊ သူ့အလုပ်သူလုပ်သည်။ အေးဆေးတည်ငြိမ်သည်။ စကားသိပ်မပြော။ ပြောလိုက်ရင်လည်း ထိထိမိမိ။ ဘကြီးအောင်က စိုက်မွေးဆည်ဆိုတော့ အလုပ်ရှုပ်

**"နိုင်ငံတော်မှပေးပို့သည့် မျိုးစပါး ၇၃၃၉၇ တင်း၊ ရောဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် နေပြည်တော်ကောင်စီနယ်မြေများမှ ပေးပို့လာသည်။ တပ်မတော်မော်တော်ယာဉ်တန်းဖြင့် သယ်ဆောင်လာသည့် သည်မျိုးစပါးများ အချိန်မီရောက်ရှိရေး၊ လမ်းခရီးတွင်ရေမစိုရေး၊ တပ်မတော်သားများက ဂရုစိုက်ဆောင်ရွက်ပေးသည်"**

သည်။ တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် တောအရပ်ဒေသမှာ နေကြသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားပြီး အလုပ်လုပ်ကြသည်။ သည်လူတွေ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များအပေါ်တွင် မူတည်နေသည်။ သည်တော့ပါးစပ်ရှိက အစာစားများမည်။ အစာစားဖို့ စိုက်ရမည်။ မွေးရမည်။ ကမ္ဘာဦးအစ လူသားများ စတင်စကတည်းက စိုက်ရသည်။ မွေးရသည်။ စက်မှုလက်မှုတို့၊ ပညာရေးတို့ဆိုတာ နောက်မှ ဖြစ်တည်တိုးတက်လာခဲ့ကြခြင်းဖြစ်သည်။ သို့ဖြစ်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးက ရပ်ထား၍ မရ။ တားထား၍ မရ။ ကိုဗစ်ကပ်ရောဂါဖြစ်ပွားတုန်းကလည်း ရပ်မနေ။ ကပ်ရောဂါဖြစ်၍ ဘယ်သူမျှ အစာမစားဘဲ ပါးစပ်ပိတ်၍ မနေကြ။ စားကြသည်။ သောက်ကြသည်။ သည်တော့ စိုက်ရမည်၊ မွေးရမည်။

**မိုခါမုန်တိုင်း မညှာမတာနှိပ်စက်**

ယခုလည်း မိုခါမုန်တိုင်း မညှာမတာ နှိပ်စက်သွားသည်။ ရခိုင်ပြည်နယ်တွင် စစ်တွေမြို့ အပါအဝင် မြို့နယ်အချို့ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားရသည်။ သို့သော် နိုင်ငံတော်အကြီးအကဲ ဦးဆောင်၍ ပြည်သူတစ်ရပ်လုံး ဧညဝတီ ရခိုင်ပြည်ကြီးကို ပြန်လည်တည်ဆောက်နေသည်။ **"မိုခါကို အန်တုစံပြုထိုက်သည့် ပြည်သူများ"**တွင် ဘကြီးအောင်လည်း ပါဝင်နေပြီ။ စစ်တွေကိုလာရ၍ ဘကြီးအောင် ဂုဏ်ယူမိသည်။ ကျေနပ်သည်။ မြို့အပျက်အစီး ရှင်းလင်းရေးတွေ လုပ်သူကလုပ်။ ပြုပြင်တည်ဆောက်ရေးတွေ လုပ်သူကလုပ်။ ဘကြီးအောင်က စိုက်ပျိုးရေးအတွက် အားထည့်သည်။ နိုင်ငံတော်မှ ပေးပို့သည့် မျိုးစပါး ၇၃၃၉၇ တင်း၊ ရောဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် နေပြည်တော်ကောင်စီနယ်မြေများမှ ပေးပို့လာသည်။ တပ်မတော်မော်တော်ယာဉ်တန်းဖြင့် သယ်ဆောင်လာသည့် သည်မျိုးစပါးများ အချိန်မီ ရောက်ရှိရေး၊ လမ်းခရီးတွင်ရေမစိုရေး၊ တပ်မတော်သားများက ဂရုစိုက်ဆောင်ရွက်ပေးသည်။ ဘကြီးအောင်တို့ စိုက်မွေးဆည်ဝန်ထမ်းများက ယာဉ်တန်းတိုင်းတွင် ကိုယ်စားလှယ်လိုက်ပါ၍ အားဖြည့်ပေးခဲ့သည်။ ဘကြီးအောင်က ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး၊ စက်မှုလယ်ယာဦးစီးမှူး၊ ဆည်မြောင်းဦးစီးမှူး၊ မြေစာရင်းဦးစီးမှူးတို့နှင့်အတူ မြေပြင်ဆင်ရေး၊ ထွန်ယက်ရေးစီမံကြသည်။ ဆောင်ရွက်ကြသည်။ မျိုးစပါးမရောက်မီ လယ်ထွန်စက်များ ကြိုပို့သည်။ ရခိုင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနတွင် မိုခါမဖြစ်ခင်က ထွန်စက် ၃၇ စီးသာရှိခဲ့သည်။ မိုခါဖြစ်ပြီးနောက် ဘကြီးအောင်တို့ဝန်ကြီးဌာနက ၄၃ စီးထပ်ဖြည့်သဖြင့် ထွန်စက်အစီး ၈၀ ဖြစ်လာသည်။

**မမေ့နိုင်သည့် စကားတစ်ခွန်း**

တောင်သူများကို အခမဲ့ ငှားရမ်းရန် ထွန်စက်သေး ၁၀ စီးနှင့် လက်တွန်းထွန်စက် ၁၄ စီး ဝန်ကြီးဌာနမှ ထပ်မံပေးပို့လာသည်။ ထွန်စက်များ ရောက်လျှင်ရောက်ချင်းပင် ဘကြီးအောင်ကိုယ်တိုင်ကြပ်မတ်၍ ထွန်စက်များကို ပြင်ဆင်စေသည်။ အသင့်သုံးနိုင်သည့်အခါ ငှားရမ်းသည့်ကျေးရွာများမှ သင်တန်းသားများအား ခေါ်ယူ၍ ထွန်စက်ကိုင်တွယ်ထိန်းသိမ်းနည်းနှင့် မောင်းနှင်နည်းသင်တန်း သုံးရက်ပေးသည်။ မူလကတည်းက မောင်းနှင်မှုအခံရှိပြီးသူများကို မြို့နယ်မှ ရွေးချယ်စေလွှတ်ပေးခြင်းဖြစ်သဖြင့် သင်တန်းသားများ အတတ်မြန်သည်။ ထွန်စက်မောင်းနှင် ကိုင်တွယ်ထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်၏စေတနာနှင့် ထွန်စက်များ အကျိုးရှိရှိအသုံးပြုရေး၊ တစ်ဦးနှင့်တစ်ဦး ကူညီဆောင်ရွက်ရေး၊ အချိန်မီစိုက်ပျိုးနိုင်စေရန် ထွန်ယက်ကြရေးမှာကြားသည်။ ဘကြီးအောင်ကတော့ မမေ့နိုင်သည့် စကားတစ်ခွန်းပြောဖြစ်သည်။ **"ခင်ဗျားတို့ကို ဒီလောက်တန်ဖိုးရှိတဲ့ ပစ္စည်း ခင်ဗျားတို့ယောက္ခမက အလကားပေးဖူးလား"** ဒီတော့ နိုင်ငံတော်ကငှားပေးတဲ့ ဒီထွန်စက်ကို အကျိုးရှိရှိသုံးကြပါ"ဟု ပြောရင်းစကားကို နိဂုံးချုပ်ခဲ့သည်။ ဘကြီးအောင် နိဂုံးချုပ်အပြီး ပုဏ္ဏားကျွန်းက ကျော့သာမောင်က ထ၍ပြောသည်။ "ကျွန်တော်တို့ယောက္ခမက ငှားမပေးပေမယ့်၊ အဖေရင်းဖြစ်တဲ့ နိုင်ငံတော်အကြီးအကဲက ငှားပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်ဗျာ။"

ကျော့သာမောင် စကားအဆုံးတွင် တက်ရောက်လာသူအားလုံး လက်ခုပ်တစ်ပြိုင်နက်တီး၍ သင်တန်းဆင်းပွဲနှင့် ထွန်စက်လွှဲပြောင်းပေးအပ်ပွဲ နိဂုံးချုပ်ခဲ့သည်။

**နောက်ပြန်ပက်လို့ တင်း ၆၀ ထွက်တဲ့စပါး**

သည်ရက်တွေမှစ၍ နေ့စဉ်ထွန်ယက်ပြီးစီးမှုကို အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့ တင်ပြရသည်။ သည်အချိန်မှာပင် မျိုးစပါးများ ရခိုင်ပြည်နယ်သို့ ရောက်ရှိလာပြီ၊ ပေါ်ဆန်းရင်၊ နံ့ကောက်၊ GW-11 နှင့် ဆင်းသွယ်လတ်တို့ဖြစ်သည်။ နံ့ကောက်မှလွဲ၍ ကျန်စပါးသုံးမျိုး ရခိုင်ပြည်နယ်တွင် စိုက်ပျိုးဖူးကြသည်။ သို့သော်လည်း စတင်ပျိုးထောင်သည်မှစ၍ အလေအလွင့်မရှိရေး ပညာပေးရသည်။ လက်တွေ့သရုပ်ပြရသည်။ ပြီးတော့ ကြဲခင်းနှင့် စိုက်ခင်းအတွက်နှုန်းကွာခြားချက်ကို ရှင်းလင်းဆွေးနွေးရသည်။ **"ငါတို့ မျိုးစပါးနှင့် မြေကကောင်းတော့ အခုလိုနောက်ပြန်ပက်ရင်တောင် တစ်ဧက (၄၅-၆၀)တော့ အေးအေးဆေးဆေး ထွက်ပါတယ်ကွာ"** တောင်သူလယ်သမားကြီးများက ပြောသည်။ သည်တော့ ဘကြီးအောင်တို့ စိုက်မွေးဆည်ဝန်ထမ်းတွေက နောက်ပြန်ပက်လို့ တင်း ၆၀ ထွက်တဲ့ စပါးကို တစ်ဧကကောက်ကွက် (၁၂၀၀၀၀-၁၅၀၀၀၀) ပြည့်အောင် စိုက်ရင် တင်း ၁၀၀ ကျော်ထွက်မယ်။ ပင်ပန်းတာခြင်းအတူတူ စနစ်တကျ အတန်းလိုက်စိုက်၊ ကောက်ကွက်ပြည့်မီအောင်စိုက်ရင် ဝင်ငွေနှစ်ဆနီးပါး တိုးလာမယ်။ ဝင်ငွေတိုးပြီး မရချင်ဘူးလား။ ချစ်လို့ယူထားတဲ့မိန်းမ စိန်နားကပ် ဆင်မပေးချင်ဘူးလား၊ ရင်းရင်းနှီးနှီးပြောသည်။ စည်းရုံးသည်။ သည်တော့ သူတို့နားဝင်သည်။ လက်ခံသည်။ ကောက်စိုက်ဖို့ လူငှားမရရင် ကောက်စိုက်စက်နှင့်စိုက်ဖို့၊ စစ်တွေပျားလည်ချောင်ရွာမှာ လက်တွေ့သရုပ်ပြသည်။ တောင်သူလယ်သမားကြီးများ စိတ်ဝင်စားသည်။ ကောက်စိုက်စက်ဝယ်ရင် ဘယ်လောက်လဲ၊ ငှားရင်ဘယ်လောက်လဲ မေးကြသည်။ ဈေးနှုန်းသိတော့ ချင့်ချိန်နေကြသည်။ ရခိုင်ပြည်နယ်မှ တောင်သူလယ်သမားဆွေမျိုးများ ခေတ်မီနည်းစနစ်ဖြင့် မျိုးကောင်းမျိုးသန့် စပါးမျိုးများ စိုက်ပျိုးရန် စိတ်အားထက်သန်လာကြပြီ။ ထွန်ယက်ပြီးသူအချို့ စတင်ပျိုးထောင်ပြီ။ ဘကြီးအောင်တို့ စိုက်မွေးဆည်အဖွဲ့ မမောတမ်းကူညီနေကြပြီ။

တဖြည်းဖြည်း ထွန်ယက်ဧက၊ စိုက်ဧကများ တရိပ်ရိပ်တက်လာသည်။ ညနေဖက် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပြီးစီးမှုများအား တင်ပြရန် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကြီး တက်ကြွနေသည်။

သည်အချိန်တွင်ပင် ဘကြီးအောင်တို့ ဒုတိယဝန်ကြီးအဖွဲ့ နေပြည်တော်၌ ပြန်လည်တာဝန်ထမ်းဆောင်ရန် သတင်းရောက်လာသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်

မည်သည့်နေရာက သတင်းရသည်မသိ၊ ကျောင်းဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တောင်သူလယ်သမားကြီးများ စစ်တွေလေဆိပ်တွင် ဘကြီးအောင်တို့အဖွဲ့ကို လာ၍ နှုတ်ဆက်ကြသည်။

ဘကြီးအောင်တို့အဖွဲ့ မိမိတို့ စစ်တွေတွင် နေခဲ့ရသည့်ရက်အတွင်း တာဝန်ထမ်းဆောင်ခဲ့မှုများကို ကျေနပ်စွာ ပီတိဖြစ်ရင်း လက်ဝှေ့ယမ်းနှုတ်ဆက်လိုက်သည်။

**"သာလီစွပါ ဧညဝတီ"** ။ ။

# တိမ်ပင်လယ်တွေစုဝေးရာအရပ် သို့မဟုတ် အပန်းဖြေစခန်းများစွာ စုစည်းရာ ရေယောင်းမ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း

◇◇◇◇◇◇◇◇ **ယဉ်လာဒ်** ◇◇◇◇◇◇◇◇

**ကလောနဲ့ ရေယောင်းမကျေးရွာဆိုတာ စွယ်တော်ရွက်လေးတစ်ရွက်လိုပါပဲ။ ခွဲခြားလို့မရပါဘူး။ ကလောမြို့ရဲ့ ပတ်ဝန်းကျင်တောတောင်သဘာဝရှုခင်းတွေဟာ လှပလွန်းပြီး ထင်းရှူးရနံ့တွေနဲ့ ပန်းသင့်အေးမြတဲ့ တောင်ပေါ်မြို့လေးဖြစ်သလို အလှတရားတွေ စုဝေးရာနေရာလို့ တင်စားရတဲ့ ရေယောင်းမကျေးရွာကလည်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်တွေနဲ့ ခရီးသွားလည်ပတ်နေသူတွေကြားမှာ စိတ်ဝင်စားခြင်းကို အသိအမှတ်ပြုရရှိနေပြီလို့ ဆိုရပါမယ်။**



ရေယောင်းမကျေးရွာ၌ ဖွင့်လှစ်ထားသည့် သီရိစန္ဒာအပန်းဖြေစခန်း။

သဘာဝကိုမှီခိုပြီး ခတ်ပုံရှုခင်း ကြည့်ကွက် အပန်းဖြေစခန်း ငါးခုစလုံး တည်ရှိနေတာကတော့ ရေယောင်းမ သို့မဟုတ် ရွှေယောင်းမကျေးရွာရဲ့ ထူးခြားမှုတစ်ခုလို့ ဆိုရပါမယ်။ စိတ်ဝင်စားစရာကောင်းလှတဲ့ နောက်ခံသမိုင်းကြောင်းတွေနဲ့တည်ရှိတဲ့ ကျေးရွာလည်း ဖြစ်ပါတယ်။ ဟိုးယခင်ကာလတွေတုန်းက ရွှေယောင်းမလို့အမည်နာမရှိခဲ့ပေမယ့် ကာလရွေ့လျားလာပြီး အခုဆိုရင် ရေယောင်းမလို့ခေါ်တွင်လာခဲ့တာဖြစ်ပါတယ်။

ရေယောင်းမကျေးရွာရဲ့ အနာဂတ်အတွက် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း (CBT )အဖြစ် ရှမ်းပြည်နယ်အစိုးရက ဖော်ဆောင်ပေးနေပါပြီ။ ရေယောင်းမကျေးရွာဟာ ကလောခရိုင် ဝက်ဖြူရေကျေးရွာအုပ်စုမှာ တည်ရှိပါတယ်။ မိုင်တိုင် ၆၃ မိုင်နဲ့ ၅ ဖာလုံကနေ ဝင်လာရင် ရေယောင်းမ CBT ကျေးရွာကိုမြင်တွေ့ရမှာဖြစ်ပြီး အခုဆိုရင် ခရီးသွားဧည့်သည်တွေ ညအိပ်တည်းခို နားနေနိုင်ရန် အဆောက်အအုံတွေအပါအဝင် ကားပါကင်သာမက စားသောက်ဆိုင်နဲ့ ခတ်ပုံရှုခင်းတွေ ရိုက်ကူးနိုင်တဲ့ နေရာတွေကိုလည်း ဖန်တီးပေးသွားမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဧည့်ဆောင်လုံးချင်းအိမ်တွေကို ဆောက်လုပ်ပြီးသွားပြီ ဖြစ်ပေမယ့် ထပ်မံထည့်သွင်းသွားရမှာတွေ ရှိတယ်လို့ ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ဆိုပါတယ်။

အစိုးရပိုင်းအနေနဲ့ အဆောက်အအုံဆောက်တာနဲ့ ရေ၊ မီး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးထားတာ ဖြစ်ပါတယ်။

"ရေယောင်းမ CBT က အလွန် အကွက်အကွင်းကျတဲ့နေရာပါ။ အဲဒီနေရာကနေ နန့်ပန်တက်ကနေ တက်လာတဲ့ ကားလမ်းကြောင်း အကွေ့အကောက် View ကို မြင်တွေ့ရစေပါတယ် " လို့ ညွှန်ကြားရေးမှူးက ဆက်ပြောပါတယ်။ ခရီးသွားလုပ်ငန်းတွေကို အရှိန်အဟုန်မြင့်စေဖို့အတွက် ရှမ်းပြည်နယ်တစ်ခုလုံးမှာ CBT ၁၀ နေရာကို ဖော်ဆောင်ဖို့ လျာထားခဲ့ပေမယ့် ရှစ်နေရာကိုပဲ ဖော်ဆောင်ခဲ့ပါတယ်။ ဒီရှစ်နေရာထဲကမှ ကလောခရိုင် ကလောမြို့နယ်ရဲ့ ပထမဆုံး CBT က ရေယောင်းမ CBT ကျေးရွာလေးပဲ ဖြစ်ပါတယ်။ ကျေးရွာတစ်ရွာကို သိန်း ၁၀၀၀ စီ ချပေးပြီး အကောင်အထည်ဖော်နေတာဖြစ်ကြောင်းလည်း ညွှန်ကြားရေးမှူးက ဆိုပါတယ်။

ကလောမြို့အနီးက ရေယောင်းမရွာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဟာ ခတ်ပုံရှုခင်းနဲ့ အပန်းဖြေစခန်း အများဆုံး တည်ရှိရာနေရာလို့တောင် ဆိုရပါတယ်။

လက်ရှိမှာတော့ ရှုခင်းသာ အပန်းဖြေစခန်း၊ သီရိစန္ဒာ အပန်းဖြေစခန်း၊ ရေယောင်းမ View point ၊ Village Shan State View Point ၊ ရှန်ဘာလာ View Point ဆိုတဲ့ အစဉ်အလိုက် အပန်းဖြေစခန်းငါးခု ရှိနေပါပြီ။

"အခုဖော်ဆောင်တဲ့ CBT ကျေးရွာက အလွန်လှတဲ့နေရာမှာ ဖော်ဆောင်နေတာပါ။ အဲဒီကနေ တိမ်ပင်လယ်ကို အစုလိုက် မြင်တွေ့ရစေပါတယ်။ ကျွန်တော်တို့ အပန်းဖြေစခန်းကတော့ ရေယောင်းမရွာအဝင် ဝင်ဝင်ချင်း နှစ်ဖာလုံလောက်ဆိုရင် ရောက်ပါတယ်။ ဒ့ါအပြင် ငါးမိုင်အကွာမှာ ဝက်ဖြူရေတံခွန်လို့ အမည်ပေးထားတဲ့ ရေတံခွန်လည်းရှိပါသေးတယ်။ မိုးတွင်းမို့ လူလာနည်းပေမယ့် ပွင့်လင်းရာသီတွေမှာ ခတ်ပုံလာရိုက်ကြတဲ့သူတွေ လာကြပါတယ်"လို့ သီရိစန္ဒာ အပန်းဖြေစခန်း ပိုင်ရှင်က စာရေးသူကို ပြောပြပါတယ်။ လက်ရှိမှာတော့ အပန်းဖြေစခန်း ဝင်ကြေးအဖြစ် လူတစ်ဦးလျှင် ကျပ် ၁၀၀၀ ကောက်ခံပြီး ပွင့်လင်းရာသီနဲ့ အခါကြီးရက်ကြီးတွေမှာသာ ဧည့်သည် ဝင်ရောက် လည်ပတ်လေ့ရှိကြပါတယ်။

ဝက်ဖြူရေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကတော့ "ရေယောင်းမကျေးရွာကို ပိုမိုဖွံ့ဖြိုးစေပြီး ခရီးသွားလုပ်ငန်းက ရလာတဲ့ အသီးအပွင့်တွေကို ဒေသခံတွေကို ခံစားစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ရေယောင်းမရွာမှာ အခုလို CBT ဖော်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ CBT ကျေးရွာအဖြစ် ဖော်ဆောင်ပေးတာမို့ ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေမယ်။ ဒ့ါအပြင် လာရောက်လည်ပတ်ကြတဲ့ ခရီးသွားဧည့်သည်တွေအတွက်လည်း ညအိပ်ညနေ နားနေနိုင်တော့မှာ ဖြစ်တာမို့ ဝမ်းသာပါတယ်"လို့ ပြောပါတယ်။

ကလောမြို့လေးဟာ ခရီးသွားမြို့တော်ဖြစ်သလို စွယ်တော်တစ်ရွက်လိုဖြစ်နေတဲ့ ရေယောင်းမကျေးရွာရဲ့ သာယာလှပတဲ့ သဘာဝတောတောင်ရှုခင်းများနဲ့ ပန်းသင့်စွာလှပပြီး ခတ်ပုံရှုခင်းကြည့်ကွက်တွေနဲ့ ဆွဲဆောင်နိုင်တဲ့ ရေယောင်းမရွာရဲ့ အနာဂတ်ခရီးသွားလုပ်ငန်းဟာ ခရီးသွားဧည့်သည်တွေ စိတ်ဝင်စားလာမယ့် နေရာတစ်ခုဖြစ်လာမှာ အသေအချာပဲ ဖြစ်ပါတော့တယ်။ ။

**ရေယောင်းမကျေးရွာဟာ ကလောခရိုင် ဝက်ဖြူရေကျေးရွာအုပ်စုမှာ တည်ရှိပါတယ်။ မိုင်တိုင် ၆၃ မိုင်နဲ့ ၅ ဖာလုံကနေ ဝင်လာရင် ရေယောင်းမ CBT ကျေးရွာကို မြင်တွေ့ရမှာဖြစ်ပြီး အခုဆိုရင် ခရီးသွားဧည့်သည်တွေ ညအိပ်တည်းခိုနားနေနိုင်ရန် အဆောက်အအုံတွေအပါအဝင် ကားပါကင်သာမက စားသောက်ဆိုင်နဲ့ ဓာတ်ပုံရှုခင်းတွေ ရိုက်ကူးနိုင်တဲ့နေရာတွေကိုလည်း ဖန်တီးပေးသွားမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဧည့်ဆောင်လုံးချင်းအိမ်တွေကို ဆောက်လုပ်ပြီးသွားပြီဖြစ်ပေမယ့် ထပ်မံထည့်သွင်း သွားရမှာတွေ ရှိတယ်လို့ ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ဆိုပါတယ်**





ရေယောင်းမ CBT ကျေးရွာမှ ညအိပ်ခရီးသွားများအား လက်ခံမည့် ဧည့်လုံးချင်းဆောင်နှင့် View Point တစ်ခုမှမြင်ရသော သဘာဝအလှရှုခင်း။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ပရဟိတမင်း ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာခိုနန်းပရိယတ္တိစာသင်တိုက် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနာရက္ခိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ရေလယ်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ ဇေယျာဝတီစာသင်တိုက်၊ သာကေတမြို့နယ်ရှိ ဇေတဝန်စာသင်တိုက်၊ အင်းစိန်မြို့နယ်ရှိ မဟာမြိုင်သာသနဝိပုလကာရီ ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပါလျှံကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဝိသုတာရာမကျောင်းတိုက်၊ (ယာပုံ) မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဘုံကျော်တိုက် ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ တောင်ခွင်မင်းကြီး ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ စိန်ရတနာမိတ္ထီလာစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိဇေတဝန်မြို့ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မြောင်းမြ ပရိယတ္တိစာသင်တိုက်များသို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီအသင်း ခြောက်ပွဲဆက်အနိုင်ရပြီး ဆက်လက်ဦးဆောင်

**ရန်ကုန် ဩဂုတ် ၅**

၂၀၂၃ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၆) ကို ဩဂုတ် ၃၊ ၄ ရက်က ဆက်လက်ကျင်းပရာ မြဝတီအသင်း ခြောက်ပွဲဆက်အနိုင်ရပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ပွဲစဉ် (၆) တွင်မြဝတီအသင်းက အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းကို နှစ်ဂိုး - ဂိုးမရှိ၊ ရန်ကုန်ယူနိုက်တက်အသင်းက Young Lionesses အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရပြီး လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းနှင့် သစ္စာအားမာန်အသင်း ဂိုးမရှိသရေကျခဲ့သည်။ မြဝတီအသင်းသည် ယခုရာသီတွင် ပုံမှန်ခြေစွမ်းပြသနေပြီး ခြောက်ပွဲဆက် အနိုင်ရလဒ်နှင့်အတူ ဇယားထိပ်ဆုံးတွင် အမှတ်ပြတ်ဦးဆောင်လျက်ရှိသည်။ ထို့ပြင် ဒုတိယနေရာမှ လက်ရှိချန်ပီယံ အား/ကာသိပ္ပံနှင့် တတိယနေရာမှ သစ္စာအားမာန်အသင်း ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာလည်း သရေကျခဲ့သဖြင့် ယခင်သုံးမှတ်အသာမှ ငါးမှတ်အသာအထိ မြဝတီအသင်းက ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၆) အပြီးတွင် မြဝတီအသင်းက ရမှတ် ၁၈ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး အား/ကာ သိပ္ပံအသင်းက ၁၃ မှတ်၊ သစ္စာအားမာန်အသင်းက ၁၀ မှတ်၊ ရန်ကုန်ယူနိုက်တက်နှင့် အား/ကာ ဦးစီးဌာနအသင်းက ခြောက်မှတ်စီရရှိထားကာ Young Lionesses အသင်းမှာမူ ခြောက်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ **ရဲရင့်လွင်**



## မင်းလှမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးစပါး လျာထားချက်ဧက ၇၆၁၄၁ ဧကစိုက်ပျိုးပြီးစီး

**မင်းလှ ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားချက်ဧက ၇၆၁၄၁ ဧကရှိရာ ယမန်နေ့က လျာထားချက်ပြည့်မီအောင် စိုက်ပျိုးပြီးစီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

မိုးစပါးကို ဇွန်လဆန်းပိုင်းမှ စတင်စိုက်ပျိုးခဲ့ကြပြီး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံစိုက်ပျိုးရေးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့ချကိရိယာဖြင့်လည်းကောင်း၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ကောက်စိုက်စက်ဖြင့်လည်းကောင်း ကူညီစိုက်ပျိုးပေးခဲ့သည်။

၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးခြင်းကို ရေမြေသဘာဝအလိုက် ကြဲခင်း ၂၇၂၈၂ ဧက၊ အစိုကြဲခင်း ၂၀၃၁၇ ဧက၊ အခြောက်ကြဲခင်း ၆၉၆၅ ဧက၊ Seeder ၃၄၄၅၉ ဧက၊ ပျိုးထောင်စိုက် ဧက ၁၄၄၀၀၊ ပေါင်းပျိုး ၁၈၅ ဧက၊ ရိုးရိုးပျိုး ဧက ၁၄၀၈၀၊ SRI ဧက ၂၀၊ ကောက်စိုက်စက် ၁၁၅ ဧက စုစုပေါင်း ၇၆၁၄၁ ဧကအား စိုက်စနစ်များအလိုက် စိုက်ပျိုးပြီးစီးခဲ့ကြောင်း စပါးမျိုးများမှာ ဆင်းသုခ၊ ရတနာတိုး၊ ကရင်မ၊ မော်ဘီ- ၃၊ ရက်ကိုးဆယ်၊ GW-11၊ ထိုင်းနံ့ကောက်နှင့် ရေနံ့သာပေါ်ဆန်းတို့ဖြစ်ကြောင်း သိရသည်။

ပေါက်စ (မင်းလှ)

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိ

(၅-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် - ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ် - ၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၅၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၄၉,၆၈၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ် - ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၈၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ခြောက်ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၇၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

### ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၇၅ ကျပ် | ၂၅၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၂၅ ကျပ် | ၂၁၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၇၂၇ | ၆၁၈၉၁၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၃၉၆၉ | ၁၁၅၁၀၂၅၀ |
| MCB | ၇၃၀၀ | ၇၅၀၀ | ၃၁၇ | ၂၃၁၄၃၀၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၂၄၇ | ၃၉၀၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၃၀၀ | ၂၄၀၀ | ၃၁၇၅ | ၇၃၀၅၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၈၀ | ၃၉၂၀၀၀ |
| MAEPC | ၁၉၅၀ | ၁၉၀၀ | ၅၁၄၀ | ၉၇၆၇၂၅၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသောပို့ကုန်အသာစီးရသည့်စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသောပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်း၊ သီဟိုဠ်စေ့နှင့် ပြောင်းတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇူလိုင် ၂၆ ရက်မှ ၃၀ ရက်အထိ ပို့ကုန် ၂၂၆၁ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၈၂ သန်း)၊ သွင်းကုန် ၂၄၄ တန်၊ (တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၃၄ သန်း)၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၁၆ သန်းဖြစ်သည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ဆီအုန်း တန်ချိန် ၂၄၀၊ ပလာတူးခက် ၁၂၄ ဒသမ ၄၃ တန်၊ ကဏန်း ၁၀ ဒသမ ၁၄ တန်၊ ရေဘဝဲ ၈ တန်၊ ငါးလိပ်ကျောက် ၃ ဒသမ ၉၂ တန်၊ ငါးခွေးလျှာ ၃၁ ဒသမ ၃၆ တန်၊ ငါးသဲတိုး ၂ ဒသမ ၇၂ တန်၊ ငါးချဉ်ပေါင် ၁၇ ဒသမ ၁၆၈ တန်၊ တာတို ၆၁ ဒသမ ၉၆၈ တန်၊ ပလာလန်း ၃၂ ဒသမ ၁၂၂ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ဒီဇယ်ဆီ တန် ၆၀၀၊ ပီလောပီနံမှုန့် တန် ၁၈၀၊ လေပူဖောင်းပါသည့် ပလတ်စတစ် တစ်တန်၊ ပလတ်စတစ်ရေခဲပုံး ၁၅တန်နှင့် ဆိုးဆေးမှုန့် သုံးတန်တို့ဖြစ်ကြောင်း သိရသည်။

စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၁၃၀၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၁၂၁၅၀ ဖြင့် တည်ငြိမ်လျက်ရှိသည်။

၃၀-၇-၂၀၂၃ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၃၁ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၉၇ ကျပ်ခန့်ရှိကြောင်း သိရသည်။

**DOT (ကော့သောင်း)**

## ရွှေဘိုခရိုင်တွင် နွေစပါးနှင့် ဆန်ဈေးနှုန်းများ မြင့်တက်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ၂၀၂၃ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် နွေစပါးနှင့် ဆန်ဈေးနှုန်းများမှာ ယခင်အပတ်ထက် အနည်းငယ်မြင့်တက်လာကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ်တွင် ရွှေဝါထွန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀ နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လတတိယပတ်တွင် ရွှေဝါထွန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၁၅၅၀၀၀၀ နှင့် ဆန်တစ်အိတ်လျှင်ကျပ် ၆၄၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇူလိုင်လ တတိယပတ်နှင့် နောက်ဆုံးပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းနှိုင်းယှဉ်ပါက ဇူလိုင်လ နောက်ဆုံးပတ်တွင် တတိယပတ်ထက် ရွှေဝါထွန်း စပါးတင်း ၁၀၀ လျှင် ကျပ် ၅၀၀၀၀ နှင့် ဆန်တစ်အိတ်လျှင် ဈေးနှုန်း ကျပ် ၆၀၀၀ မြင့်တက်ခဲ့ကြောင်း သိရသည်။

ယခင်နှစ်ကာလတူတွင် ရွှေဝါထွန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၆၈၀၀၀၀နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၂၈၅၀၀ သာ ပေါက်ဈေးရှိခဲ့သဖြင့် ယခင်နှစ်ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းနှိုင်းယှဉ်ပါက ယခုနှစ်တွင် ယခင်နှစ်ကာလတူထက် ရွှေဝါထွန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၉၂၀၀၀နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၄၁၅၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ယခုနှစ် နွေစပါးပေါ်ချိန်တွင် နွေဆန်ဈေးနှုန်းမှာ ပြည်ပပေါက်ဈေးထက် ပြည်တွင်းဈေးနှုန်းပိုများနေသဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခြင်း မရှိသေးသော်လည်း ပြည်တွင်းဈေးကွက်တွင် ယခင်နှစ်နှင့် ယခင်အပတ်များထက် ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ဆန်စက်ပိုင်နှင့် ကုန်သည်များထံမှ သိရသည်။

**DOCA (စစ်ကိုင်း)**



## မြင်းခြံခရိုင်၌ နွေနှမ်းများ ရိတ်သိမ်းလျက်ရှိ

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နွေနှမ်းစိုက်ပျိုးထားရှိမှုအနေဖြင့် ၁၄၉၄ ဧကရှိပြီး ယခုအချိန်တွင် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ဧက ၁၀၀၀ ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၁၂ ဒသမ ၈၆ တင်းနှုန်းခန့်ဖြင့် တင်းပေါင်း ၁၂၈၆၃ တင်း ထွက်ရှိကြောင်း၊ ကျန်ရှိသော စိုက်ဧကများကိုလည်း ဆက်လက်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။ ယခင်နှစ် စိုက်ပျိုးထားရှိမှုအနေဖြင့် လျာထားဧက ၁၄၀၈ ဧက ဖြစ်ပြီး လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၁၂ ဒသမ ၉၆ တင်းနှုန်းခန့်ဖြင့် တင်းပေါင်း ၁၈၂၄၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ ယခုနှစ် နွေနှမ်းစိုက်ပျိုးမှုမှာ ယခင်နှစ်ထက် ၈၆ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးမှုအနေဖြင့် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် စတင်စိုက်ပျိုးကြကြောင်းနှင့် ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လဆန်းပိုင်းအထိ ရိတ်သိမ်းထွက်ပေါ်လေ့ရှိကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် ယခင်နှစ် ကာလတူ နွေနှမ်းတစ်တင်းလျှင် ကျပ် ၆၀၀၀၀-၆၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ် ကာလတူ နွေနှမ်းတစ်တင်းလျှင် ကျပ် ၁၁၁၀၀၀-၁၁၂၅၀၀ ဖြင့် မြင်းခြံကုန်စည်ဒိုင်များတွင် အရောင်းအဝယ် ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းနှင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**DOCA (မန္တလေး)**

## ရွှေတောင်မြို့နယ်တွင် ရုံးပတီသီးများ စိုက်ပျိုး၍ ဝင်ငွေရရှိ



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ဆည်ကြီးကုန်းအုပ်စု ကြက်ဖြူတောင်ကျေးရွာတွင် ရုံးပတီသီးများ စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးသောမျိုးအနေဖြင့် Finger One တံဆိပ်ဖြစ်ပြီး တစ်ထုပ်လျှင် ကျပ် ၃၀၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရ၍ တစ်စေ့လျှင် တစ်ကျင်းနှုန်းဖြင့် အပင်ရေ ၂၀၇၀ ရရှိပြီး ကုန်ကျစရိတ်အနေဖြင့် သွင်းအားစုအပါအဝင် ကျပ် ၈၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးပင်ကို နယုန်လပြည့်ကျော်တွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး ၄၅ ရက် အကြာတွင် ခူးဆွတ်ရောင်းချရကြောင်း၊ တစ်ခါခူးဆွတ်လျှင် အတောင့်ရေ ၅၀၀/၆၀၀ ခန့်ရရှိပြီး တစ်ရက်ခြား တစ်ခါခူးဆွတ်ရ၍ သက်တမ်းအားဖြင့် သုံးလကြာမြင့်ကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး တစ်တောင့်လျှင် လက်ကားဈေး ရှစ်ကျပ်နှုန်းဖြင့် ရောင်းချရကြောင်း၊ ထိုမှတစ်ဆင့် ပြည်ဈေးကွက်နှင့် ရန်ကုန်မြို့ရှိ ကုန်စိမ်းဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း သိရသည်။ ရုံးပတီပင်သည် ကုန်ကျစရိတ်နည်းပြီး အကျိုးအမြတ် များစွာရရှိသဖြင့် ပိုမိုစိုက်ပျိုးသင့်သည့်သီးနှံဖြစ်ကြောင်း သိရသည်။

**DOCA (ပဲခူး)**

## အရောင်းအဝယ်သွက်နေသည့် မိုးပဲတီစိမ်း

မကွေးတိုင်းဒေသကြီး အောင်လံမြို့ဈေးကွက်အတွင်းသို့ ၂၀၂၃ ခုနှစ် ဇူလိုင်လဒုတိယပတ်မှစတင်၍ မိုးပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လာကာ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၅၃၅၀၀ မှ ၅၅၀၀၀ ဖြင့် ဈေးကွက်စတင်ဖွင့်လှစ်ခဲ့ပြီး တရုတ်မှ အဝယ်လိုက်သည့်အတွက် မန္တလေးဈေးကွက်မှ အမြင့်ဈေးပေး၍ ဝယ်ယူမှုရှိကြောင်း သိရသည်။



ဇူလိုင်လ တတိယပတ်အတွင်း မိုးပဲတီစိမ်း အရည်အသွေးကောင်း၊ သင့်၊ ညှံ့အပေါ် မူတည်၍ ရန်ကုန်နှင့် မန္တလေးဝယ်လက်များမှ ဝယ်ယူခဲ့ကြပြီး ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၅၅၀၀၀ မှ ၅၇၀၀၀-၅၉၀၀၀-၆၂၅၀၀ အထိ ဈေးနှုန်းများ တရိပ်ရိပ်မြင့်တက်၍ နေ့စဉ်ပျမ်းမျှအားဖြင့် တစ်တင်းခွဲအိတ် အိတ်ရေ ၁၀၀၀ ခန့်မှ ၃၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လ (စတုတ္ထပတ်)တွင် ဈေးနှုန်းပြန်လည်တည်ငြိမ်ကာ ကျပ် ၆၂၅၀၀ မှ ၆၀၀၀၀ အထိ ဝယ်လက်များကဈေးချ၍ ဝယ်ယူကြသော်လည်း အရောင်းပွဲစားများနှင့် တောင်သူများက ဈေးနှုန်းကျဈေးအပေါ် ငွေလိုအပ်သလောက်သာ ရောင်းချပြီး ဈေးကွက်ပြန်လည်ဦးမော့လာမည့်အချိန်အထိ စောင့်ဆိုင်းရောင်းချနေကြကြောင်း သိရသည်။

**DOCA (မကွေး)**

## ကွမ်းသီးဈေးနှုန်း ဈေးကွက်

ပဲခူးတိုင်းဒေသကြီးတွင် ကွမ်းသီးစိုက်ဧက ၂၀၀၀ ကျော် ရှိသည့်အနက် တောင်ငူခရိုင်၌ ကွမ်းသီးစိုက်ဧက ၁၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး တောင်ငူခရိုင်နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော ကရင်ပြည်နယ် သံတောင်ကြီးဒေသတွင် ကွမ်းသီးစိုက်ဧက ၅၈၇၇ ဧက ခန့်ဖြင့် အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ကွမ်းသီး ၃၁၃ ပိဿာခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်ငူခရိုင်အတွင်းနှင့် သံတောင်ကြီးဒေသမှထွက်ရှိသော ကွမ်းသီးများကို တောင်ငူမြို့ရှိ ပွဲရုံများသို့ အဓိကတင်သွင်းပြီး တောင်ငူမြို့မှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ အသီးသီးတင်ပို့ရောင်းချကြောင်း၊ ယခင်နှစ်က သံတောင်ကြီးဒေသမှ တောင်ငူပွဲရုံရောက်ဈေးနှုန်းမှာ ကွမ်းသီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ရှိခဲ့ပြီး ယခုနှစ်တွင် သံတောင်ကြီးဒေသမှ တောင်ငူပွဲရုံရောက်ဈေးနှုန်းမှာ ကွမ်းသီးတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဈေးနှုန်းမြင့်တက်လာရခြင်းမှာ သယ်ယူပို့ဆောင်ခနှုန်းထားများ၊ လုပ်သားခများနှင့် အခြားကုန်ကျစရိတ်များ မြင့်တက်လာခြင်းတို့ကြောင့် ပွဲရုံများက တောင်သူများ တွက်ခြေကိုက်သည့် ဈေးနှုန်းများဖြင့် ဈေးနှုန်းတိုးမြှင့် ဝယ်ယူလာခြင်းဖြစ်ကြောင်း သိရသည်။

**DOCA (ပဲခူး)**

## ရွှေဘိုခရိုင်၌ နှမ်းနက်ဈေးနှုန်း အနည်းငယ်မြင့်တက်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ မေလစတုတ္ထပတ်မှစတင်၍ နွေနှမ်းများ စတင်ဝင်ရောက်လာပြီး ဇူလိုင်လနောက်ဆုံးပတ်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၀၃၃၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တင်း ၆၀၀၊ (တန်အားဖြင့် ၁၅ တန်) အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လတတိယပတ်တွင် နှမ်းနက်တစ်တင်းလျှင် ကျပ် ၉၅၀၀၀ ပေါက်ဈေးရှိခဲ့ရာ ဇူလိုင်လတတိယပတ်နှင့် နောက်ဆုံးပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတို့ကို နှိုင်းယှဉ်ပါက ဇူလိုင်လနောက်ဆုံးပတ်တွင် နှမ်းနက်တစ်တင်းလျှင် ကျပ် ၈၃၀၀ ဈေးနှုန်း ပိုမိုခဲ့ပြီး နှမ်းဈေးနှုန်း အနည်းငယ်မြင့်တက်လာကြောင်း သိရသည်။

**DOCA(စစ်ကိုင်း)**

# ကျိုက်ထိုနှင့် မင်္ဂလာဒုံမြို့နယ်တို့၌ ငွေကျပ် ၃ ဒသမ ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) စိတ်ကြွရူးသွပ်ဆေးပြားနှင့် ကက်တမင်းများ ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၅**

ကျိုက်ထိုနှင့် မင်္ဂလာဒုံမြို့နယ်တို့၌ ငွေကျပ် ၃ ဒသမ ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း)၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ကက်တမင်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် ည ၉ နာရီခွဲတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင် ပူးပေါင်းစစ်ဆေးရေးစခန်း၌ ရန်ကုန်မှ ရေးသို့သွားသည့် ခရီးသည်တင်ယာဉ်ပေါ်ပါ အောင်မင်းထွန်းကို အိုက်စ် (မက်သ်အဖက်တမင်း) ၃ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဇူလိုင် ၂၇ ရက် မွန်းတည့် ၁၂ နာရီတွင် ဖမ်းမိမူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သည့် ညီညီထွန်း(ခ)ညီညီ ကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း၊ ညနေ ၅ နာရီတွင် စံလင်းနှင့် ထွန်းနိုင်မိုး တို့ကို မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးတွင် အိုက်စ် တစ်ကီလို၊ Honda Fit မော်တော်ယာဉ် တစ်စီးနှင့် လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ညနေ ၅ နာရီခွဲတွင် ဖမ်းမိတရားခံ ထွန်းနိုင်မိုး ငှားရမ်းနေထိုင်သည့် မင်္ဂလာဒုံမြို့နယ် ပုလဲ(၁)ရပ်ကွက် ခိုင်ရွှေဝါလမ်းရှိ နေအိမ်တွင် အောင်ကိုဦးနှင့်အတူ အိုက်စ် (မက်သ်အဖက်တမင်း) ၁၁၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း၊ ကက်တမင်း ၆၂၀ ဂရမ် ထပ်မံဖမ်းဆီးရမိခဲ့၍ စုစုပေါင်းဒေသကာလ တန်ဖိုးငွေကျပ် ၃ ဒသမ ၉၆ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁၁၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း၊ ကက်တမင်း ၆၂၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ငါးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကြည့်မြင်တိုင်နှင့် ကွန်ဟိန်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် ဩဂုတ် ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၄ ရက် မွန်းလွဲ ၃ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင်(အနောက်) ရပ်ကွက် ဈေးကြီးလမ်း၌ မသင်္ကာဖွယ်တွေ့ရှိသူ မမီမီအောင်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကိုလည်းကောင်း၊ ထိုနေ့ နံနက် ၉ နာရီခွဲတွင် ကွန်ဟိန်းမြို့နယ် ကာလိမြို့ ရပ်ကွက်(၁)၊ နားခေါက်လမ်းနေ စိုင်းပန်တိ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀၀၊ ဘိန်းဖြူသုည ဒသမ ၁၄၅ ကီလိုနှင့် ငွေကျပ် ၃၃ သိန်းကို သိမ်းဆည်းရမိခဲ့သဖြင့် (ဝဲပုံ) ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေဘေးအသိပညာပေး

## ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။

၂။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။ (ဥပမာ - အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)

၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ။

၄။ မိမိပတ်ဝန်းကျင်ရှိမြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။

၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါကအန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။

၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

## ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။

၂။ တောင်ပေါ်ဒေသများ၊ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။

၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။

၅။ သက်ဆိုင်ရာ အစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဩဂုတ် ၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**သွင်းကုန်ကြေညာလွှာ ကြေညာထားခြင်းမရှိ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော ကျားဝတ်ခြေအိတ်ဆိုဒ်စုံ ကီလိုဂရမ် ၁၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း၊ MITT ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် White Powder ကီလိုဂရမ် ၄၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၆၃၀၀)ကို လည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် LUBI Monoblack Pump Set ၁၀ ခု အပါအဝင် ကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၆၀၆၆၈)ကို လည်းကောင်း၊ သွင်းကုန်လိုင်စင်မရရှိမီ ဆိပ်ကမ်းသို့ရောက်ရှိသည့် ရက် ၆၀ ကျော်လွန်နေသည့် LG Parking Management Computer အပါအဝင် ကုန်ပစ္စည်း ၄၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၄၈၈၈၆၈) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ ဝန်စည်တစ်ခုအတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီး လက်ကိုင်အိတ် အလုံး ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၄၅၈၃၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သစ်တောဥပဒေနှင့်အညီ အရေးယူ**

ထို့ပြင် ဩဂုတ် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၀၅၃ တန်၊ သစ်မာ ၀ ဒသမ ၅၆၂ တန်နှင့် အခြားသစ် ၃ ဒသမ ၅၇၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၃၆၉၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၃ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၀၄၉၅၂၆)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မူဆယ်မြို့၌ ခရိုင်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲကျင်းပ



မူဆယ် ဩဂုတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ၂၀၂၃ ခုနှစ် ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မူဆယ်မြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

